ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(၈မှပဒ-၁၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ကျော် ၂ ရက် ကြာသပတေးနေ့။ Thursday, 26 November 2026 ၁၂၇၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်နှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

(၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေး၌ နေပြည်တော် ကြေညာချက်နှင့် အက်ခ်မက် ဦးစားပေး စီမံကိန်းများ ပြန်လည်သုံးသပ်ရေးဆိုင်ရာ အထူးလုပ်ငန်း အဖွဲ့၏ လုပ်ငန်းလမ်းညွှန်တို့ကို အတည်ပြုထုတ်ပြန်သွားမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို "စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလားအလာများကို အကျိုးရှိစွာ အသုံးချခြင်းနှင့် သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ဗီယက်နမ်နိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၌ (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်၊ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အမွေအနှစ်ဆိုင်ရာနှင့် ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြိုဆိုင်ရာ အစီအစဉ်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

ရုရှားရေတပ် Pacific Fleetမှ စစ်ရေယာဉ် သုံးစင်း စတုတ္ထအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ စာမျက်နှာ » ၉

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူး ပြည်သူများအနက်ဦးရေ ငါးသန်း ပြည့်မြောက်သည့် ဘုရားဖူး ပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်း များ ဂုဏ်ပြုပေးအပ်လှူဒါန်း စာမျက်နှာ » ၁၀



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့်ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန် မသင့်သည်များကို လိုက်နာဆောင်ရွက်သွားမည်မဟုတ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ပုသိမ်မြို့နယ် တိုက်စွန်းကျေးရွာ၌ ဥစားကြက် သားပေါက်ကောင်ရေ ၁၁၇၃၀ မွေးမြူထားရှိ

ပုသိမ် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တိုက်စွန်းကျေးရွာ၌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဥစားကြက်သားပေါက်ကောင်ရေ ၁၁၇၃၀ မွေးမြူထားရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော်နှင့် Myitkyina Night Market ဖွင့်လှစ်

မြစ်ကြီးနား နိုဝင်ဘာ ၂၅

၂၀၂၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မြစ်ကြီးနားမြို့ လောကမာန်အောင်ဆူတောင်းပြည့်စေတီတော်ဆိပ်ကမ်း ဧရာဝတီမြစ်ကမ်းဘေး၌ တန်ဆောင်တိုင်ပွဲတော်နှင့် Myitkyina Night Market ဖွင့်ပွဲကို ယမန်နေ့ ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ပြည်သူများသတင်းပေးတိုင်ကြားမှု ထိရောက်စွာဖော်ထုတ်အရေးယူ

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျိုးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းအဖြစ် ဆင့်ခေါ်လျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်ချက်များအတိုင်း စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့သော် အချို့သောပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အချိုးသားရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူစားထိုးခြင်းများ ပြုလုပ်နေကြောင်းသိရသည်။ ထိုသို့အကြောင်းအမျိုးမျိုးပြ တိမ်းရှောင်သူများကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက စောင့်ကြည့်ဆင့်ခေါ်နေခြင်း ပြုလုပ်မှုအပေါ် အချို့မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီး ငွေကြေးရယူခြင်း၊ ပြည်သူ့စစ်မှုထမ်းစာရင်းသွင်းဝင်ရောက်စေခြင်း၊ ပြည်သူ့စစ်မှုထမ်းခြင်းကိုအကြောင်းပြု၍ လူပြန်ပေးဆွဲခြင်းကဲ့သို့ ရာဇဝတ်မှုများ ကျူးလွန်သည့်သတင်းများကို ကြားသိနေရသည်။

အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများအတွက် ထောက်ပံ့ပေးရန်အကြောင်းပြု၍ လစဉ်ထောက်ပံ့ကြေးကောက်ခံခြင်း၊ ပြည်သူ့စစ်မှုထမ်း မထမ်းဆောင်လိုသူများထံမှ တစ်လုံးတစ်ခဲတည်းငွေ သို့မဟုတ် လစဉ်ပေးသွင်းငွေများ တောင်းခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများပြုလုပ်ရန် တရားမဝင်ငွေကြေးကောက်ခံခြင်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးနှင့်တာဝန်ရှိသူများ၏ မမှန်မကန်ပြုလုပ်မှုအပေါ် အမည်ခံအဖွဲ့အစည်းအချို့က ထပ်မံခြိမ်းခြောက်အဓိတ်ထုတ်ခြင်း စသည့် မသမာသောလုပ်ရပ်အမျိုးမျိုးတို့ကိုပြုလုပ်နေကြောင်းသတင်းများ မကြာခဏကြားသိနေရသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ဥပဒေမဲ့အကျိုးအမြတ်ရာဖွေနေခြင်းဖြစ်သည်။ မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင်လုပ်ဆောင်နေမှုများဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က အထူးအလေးထား စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်နေကြောင်း သိရသည်။ ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များ၊ လိုက်နာရမည်များ၊ ခံစားခွင့်များကို နိုင်ငံပိုင်မီဒီယာများတွင် မကြာခဏအသိပေးဖော်ပြလျက်ရှိသည်။

သို့သော် ပြည်သူ့စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ တရားမဝင်ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့ကို အရေးယူထားပြီးဖြစ်သည်။ ထို့အပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူခဲ့သည့် ငွေကြေးဆိုင်ရာ ၁၈၂ မှုတွင်အရေးယူပြီးစီးမှု ၉၁ မှု၊ စိစစ်ဆဲ ၅၆ မှု၊ မမှန်မကန်တိုင်ကြားမှု ၃၅ မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၄၃ မှုတွင် အရေးယူပြီးစီးမှု ၁၇ မှု၊ စိစစ်ဆဲ ၁၄ မှုနှင့် မမှန်မကန်တိုင်ကြားမှု ၁၂ မှုရှိခဲ့ကြောင်းသိရသည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ထိထိရောက်ရောက် အရေးယူထားပြီးဖြစ်သကဲ့သို့ ဆက်လက်ဖော်ထုတ်အရေးယူလျက်ရှိသည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တွေ့ရှိခဲ့ရသည့် ပြည်သူ့စစ်မှုထမ်းခြင်းကိုအကြောင်းပြု၍ ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန်ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရပ်ကွက်ကျေးရွာများအတွင်း တရားမဝင်ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ဆက်လက်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် သိရှိမှတ်သားရမည့်အချက်များကို လေ့လာပြီး မမှန်မကန်အဓမ္မဆောင်ရွက်မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖော်ပြထားသည့် သတင်းပေးတိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားမည်ဆိုလျှင် ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။ ။

မိဘပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) တစ်ခုထက်ပိုမိုကိုင်ဆောင်ထားပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ပြန်လည်အပ်နှံရန် မိဘပြည်သူများ သိရှိဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် မကြာခဏအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား e-ID Server တွင် စာရင်းသွင်းပြီးဖြစ်ရာ ယခုအချိန်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခုထက်ပိုမိုကိုင်ဆောင်သူများ၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်နေရာမကပါဝင်နေသူများ ရှိနေဆဲဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ကိုယ်တိုင်သွားရောက်၍ ပယ်ဖျက်လိုသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများအား (၃၁-၁၂-၂၀၂၆) ရက် နောက်ဆုံးထား၍ ညှိနှိုင်းပယ်ဖျက်ဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

၃။ သတ်မှတ်ရက်ဖြစ်သည့် (၃၁-၁၂-၂၀၂၆) ရက်အထိ ဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်ခုထက်ပိုမိုကိုင်ဆောင်သူများအား နောက်ဆုံးထုတ်ယူခဲ့သော နိုင်/ ဧည့်/ ပြုကတ်နှင့် အိမ်ထောင်စုလူဦးရေ စာရင်းကိုသာအတည်ပြု၍ ယခင်ကိုင်ဆောင်ခဲ့သည့် နိုင်/ ဧည့်/ ပြုကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအပို များအား ပယ်ဖျက်စာရင်းသွင်းခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၅ ယနေ့နံနက် ၁၀ နာရီ ၀၃ မိနစ် ၄၈ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင် စခန်းမှ အနောက်တောင်ဘက် ၁၀ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အမရပူရမြို့နယ်၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာ ကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M) အဆင့် ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

(၂၅-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၁၅.၃ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၀၉၄,၆၃၂.၇၃	၄,၉၆၁,၃၉၃.၇၂	၂၇,၅၀၅,၁၁၀.၂၀	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **စျေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက် ၂၅ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အဝိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၁,၅၀၀	၂၁,၀၀၀	၁,၈၁၃	၃၈,၅၆၅,၀၀၀
MTSH	၈,၆၀၀	၈,၆၀၀	၁,၂၂၀	၁၀,၅၇၃,၀၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၁၄၄	၁,၈၀၀,၀၀၀
FPB	၆,၈၀၀	၇,၀၀၀	၇၀၆	၄,၈၇၇,၀၀၀
TMH	၃,၀၅၀	၃,၀၅၀	၅၀၀	၁,၅၂၅,၀၀၀
EFR	၁,၆၅၀	၁,၆၀၀	၈၆၆	၁,၄၄၁,၁၀၀
AMATA	၄,၀၀၀	၄,၁၀၀	၈၂	၃၃၆,၁၀၀
MAEX	၆,၄၀၀	၆,၄၀၀	၃၅	၂၂၄,၀၀၀
MADPL(PLB)	၆,၂၀၀	၆,၄၀၀	၃၃၀	၂,၀၄၆,၂၀၀
ASPGB(PLB)	၅,၆၀၀	၅,၆၀၀	၂၀,၁၅၀	၁၁၂,၈၄၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဒု၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မိမိအောင်၊ သတင်းထောက်များ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊
အငယ်တန်း - အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၃၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်အခါသမယကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ တန်ဆောင်တိုင်ဝီးထွန်းပွဲတော်များ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ဖြတ်သန်းခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ပွဲတော်များ စီစဉ်ကျင်းပရခြင်းသည်လည်း နိုင်ငံအတွင်း နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်အများစုတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဦးဆောင်ဦးရွက်ပြု၍ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသကဲ့သို့ အခြားဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း လေးစားရမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာတရားကို ကိုးကွယ်ယုံကြည်ကြသည်ဖြစ်စေ သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမများအတိုင်း ထိန်းသိမ်းလိုက်နာကျင့်သုံးသွားကြရန် လိုကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုအပေါ် တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်

လက်ရှိနိုင်ငံအခြေအနေများနှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲတင်သွင်းခဲ့သည့်အမှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)က စီရင်ချက်ချမှတ်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲချက်တစ်ခုပင်ဖြစ်ပြီး အဆိုပါအမှုကို တင်သွင်းခဲ့သည်မှ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရားရုံး၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှုများကို အချက်အလက်ခိုင်မာစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လူမျိုးသုဉ်းပြေမှု(Genocide) ဟူသည့်အသုံးအနှုန်းအနေဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားရုံးသို့ စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှောက်လဲချက်များ တင်သွင်းရာတွင် သက်ဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းများနှင့် သက်သေအထောက်အထားများကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြောင်း။

မိမိအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံခြေးဆောင်တစ်ဦးဖြစ်သဖြင့် နိုင်ငံတော်တွင် ဖြစ်ပျက်နေသည့် ကိစ္စရပ်ဟူသမျှသည် မိမိ၌အဓိကတာဝန်ရှိသည်ဟု ခံယူထားပြီး နိုင်ငံတော်အား ထိပါးလာသည့်ကိစ္စရပ်မှန်သမျှကို လက်ခံမည်မဟုတ်ကြောင်း၊ **အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့် ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန် မသင့်သည်များကို လိုက်နာ**

❖ မိမိတို့အနေဖြင့် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့်လည်း အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည်

❖ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်လိုပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကိုလည်း လေးစားကြရန်လို

ကြောင်း။

နိုင်ငံစီးပွားတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများအနေဖြင့် နှုန်းထားတစ်ခုတွင် ရောက်ရှိလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ နိုင်ငံခြားငွေများ ကိုင်ထားသူများ ရှိကြပြီး ၎င်းတို့၏ငွေကြေး ဈေးကစားမှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုများနှင့် လဲလှယ်နှုန်း မြင့်တက်ခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးများနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့် နှုန်းထားဖြစ်ရန်လိုကြောင်း၊ ဝင်ငွေနည်းသူများအနေဖြင့် စားရေး အဆင်ပြေစေရေး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းစဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေး၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သူများ ဝင်ငွေတိုးပွားစေရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စားဝတ်နေရေး အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ကုန်ထုတ်လုပ်ငန်းများ ပို့မိတိုးတက်အောင်ဖြင်လာစေရေး စီမံကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ထက်ဝက်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သားငါးကဏ္ဍအတွင် လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ဒေသအလိုက်မှထွက်ရှိသည့် ဖွဲ၊ ဆန်ကွဲ၊ ပြောင်းစသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ပို့မိတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြပ်မတ်ဆောင်ရွက်နေရန်လို သကဲ့သို့ အမှန်တကယ် အလုပ်လုပ်စေရေးအတွက်လည်း ဝန်ကြီးချုပ်များက ဆက်လက်ကြပ်မတ် ဆောင်ရွက်သွားကြရန်လို ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စားရေးကိုအဓိက အထောက်အကူပြုစေသည့် ဥစားကြက်နှင့် အသားစားကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး မွေးမြူမှုများ ယခုထက်ပိုမို တိုးတက်အောင် လုပ်ငန်းစီမံချက်များရေးဆွဲပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထုတ်ကုန်ရှိမှသာ ရောင်းကုန်များရရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံခြားဝင်ငွေများရရှိကာ နိုင်ငံ့စီးပွား တိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ထုတ်ကုန်များတင်ပို့ရာတွင် မြေပေါ် မြေအောက် သယ်ဇာတပစ္စည်းများကို တင်ပို့ခြင်း ထက် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ ထုတ်ကုန်များ တင်ပို့ခြင်းသည် နိုင်ငံအတွက် ရေရှည်တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်လာစေရေးအတွက် မိမိအနေဖြင့် MSME လုပ်ငန်းများကို စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအနေဖြင့် အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပို့မိတိုးတက်လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တွင် ပါဝင်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်ရေးအတွက်လည်း "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်" ဆိုသည့်အတိုင်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များ၏အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန် လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေများရရှိစေရေး အခွန်ငွေများ ကောက်ခံရာတွင် အခွန်နှုန်းထား(Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space) များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ် ကျယ်ပြန့်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာများတိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ချိန်ဆဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ပေးမည်ဆိုပါက MSME လုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံများနှင့် ကုန်ထုတ်လုပ်ငန်းများရှိ လုပ်သားများအတွက်နှင့် အငြိမ်းစားလစာ ခံစားနေသူများအပါအဝင် ဘက်ပေါင်းစုံမှ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်လာစေရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကော်မတီများအနေဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်နေကြရန် လိုကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

လာမည့်နှစ် ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများ မှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျ မဲပေးနိုင်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ **လာမည့်နှစ် ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိ**

❖ **ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများ မှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပိုင်းဝန်းဆောင်ရွက်သွားကြရန်လို**

❖ **မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျမဲပေးနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်သွားကြရန်လို**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေး ကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီးငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း ဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြ၍ လစဉ်ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများ ပြုလုပ်ရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင် လုပ်ဆောင်နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အထူးအလေးထား စိစစ်ဖော်ထုတ်အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။

တရားမဝင် ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေးဆိုင်ရာ (၁၈၂)မှုတွင် အရေးယူပြီးစီးမှု (၉၁)မှု၊ စိစစ်ဆဲ(၅၆)မှု၊ မမှန်မကန်တိုင်ကြားမှု (၃၅)မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ (၄၃)မှုတွင် အရေးယူပြီးစီးမှု (၁၇)မှု၊ စိစစ်ဆဲ (၁၄)မှု၊ မမှန်မကန်တိုင်ကြားမှု (၁၂)မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျလုပ်ဆောင်စေရေး အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန်ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုးဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင် ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

❍ ပုသိမ်မြို့နယ်မှ



ထိုသို့ အစုအဖွဲ့စနစ်ဖြင့် ဥစားကြက်မွေးမြူထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်ကြည့်ရှုအားပေးပြီး စဉ်ဆက်မပြတ် မွေးမြူနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင်မြင်စေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးနှင့် ဒေသတွင်းစားသုံးမှု ဖူလုံစေရေးတို့ကို အလေးထား ဆောင်ရွက်ရန်၊ ထွက်ရှိလာမည့် ကြက်ဥများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေး ကောင်းမွန်စွာဖြန့်ဖြူးရောင်းချနိုင်ရေး၊ လုပ်ငန်းများပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန် မှာကြားသည်။

ယမန်နေ့ညနေပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကမ်းနားလမ်းရှိရေဆင်းတန်ဆောင်း၌ ကျင်းပသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ဆီမီးမျှော ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရှင်ဥပဂုတ္တမထေရ် မြတ်ဖောင်တော်ကို ရေမျှောကုသိုလ်ပြုကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက နိဗ္ဗာန်ဈေးဖွင့်လှစ်၍ စတုဒိသာကျွေးမွေးနေမှု၊ နိဗ္ဗာန်ဈေးပွဲတော်တွင် ပြည်သူများ ဆင်နွဲနေမှု၊ ငဝန်မြစ်အတွင်း ဆီမီး ၃၀၀၀၀ ဆီမီးမျှော ပူဇော်မှုနှင့် နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ မြစ်ကြီးနားမြို့မှ

ဦးစွာ တန်ဆောင်တိုင်ပွဲတော်ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်အေးအေးမော်၊ လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသန်းဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ Myitkyina Night Market အတွင်း ဒေသရိုးရာအစားအသောက်များ ရောင်းချသည့် စားသောက်ဆိုင်များ၊ ကလေးကစားကွင်းများနှင့် မြန်မာ့ရိုးရာအစားအစာရောင်းချသည့် ဆိုင်ငယ်များ ဖွင့်လှစ်ရောင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ပွဲတော်အတွင်း ပျော်ရွှင်စွာ လာရောက်လည်ပတ်သူများအား ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များက မြန်မာ့ရိုးရာအစားအစာမုန့်များကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးမှု၊ စင်တင်တေးဂီတ အစီအစဉ်ဖြင့် မလိခ Music Band ၏ ဖျော်ဖြေတင်ဆက်မှု၊ တိုင်းရင်းသူလေးများ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ပွဲတော်လာပရိတ်သတ်များအတူ ကြည့်ရှုအားပေးကြသည်။

ညနေ ၆ နာရီတွင် ဧရာဝတီမြစ်အတွင်း ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဖောင်တော်အား ဆီမီး ၂၀၀၀၀ ထွန်းညှိ၍ ရေမျှောပူဇော်ကြပြီး ကမ်းနားကွင်းပြင်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ မီးပုံးပျံ ၅၀၀ ကို လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ တပ်ရင်း/ တပ်ဖွဲ့ မိသားစုများ၏ နိဗ္ဗာန်ဈေးရောင်းပွဲတော်နှင့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး မီးပုံးပျံများကို တစ်ပျော်တစ်ပါး လွှတ်တင်ပေးကြသည်။

အဆိုပါ မြစ်ကြီးနား တန်ဆောင်ပွဲတော်တွင် ကမ်းနား Night Market တွင် လာရောက် လည်ပတ်သူများ၊ စင်တင်တေးဂီတ အစီအစဉ်ဖြင့် နိုင်ငံကျော်အဆိုတော် နောနော်၏ သီဆိုဖျော်ဖြေမှု၊ တိုင်းရင်းသားရိုးရာ အကအလှများ၊ ခေတ်ပေါ်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် မြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများတွင်လည်း ဆီမီးထွန်းညှိပူဇော်မှုများ၊ ပြည်သူ့ရင်ပြင်တွင် လည်ပတ်သူများဖြင့် အေးချမ်းပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှ တစ်ဆင့် သွင်းကုန်တင်သွင်းသူ (Importer) များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂,၁၆၉.၈) သန်း၊ တရုတ်ယွမ် (၁,၈၉၂.၄) သန်း၊ ထိုင်းဘတ် (၆,၅၇၆.၂) သန်း၊ အိန္ဒိယရူပီး (၇၄.၅) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၂၅၅.၄) သန်း၊ တရုတ်ယွမ် (၈၉.၉) သန်း၊ ထိုင်းဘတ် (၇၆၂.၆) သန်း၊ အိန္ဒိယရူပီး (၁၃.၃) သန်းခန့်တို့အား ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလ အထိ စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁,၇၀၂.၄) သန်းခန့်အား ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၁၃၀.၈) သန်းခန့်ကို Market Trading Rate (ကျပ် ၃၆၆၀) ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



သုံးရေချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဘွဲ့သင်တန်းကာလသတ်မှတ်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာတက္ကသိုလ်များတွင် ကျင့်သုံးနေသည့် စနစ်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၂၅



အခြေခံပညာရေးတွင် KG+12 စနစ် ကျင့်သုံးလျက်ရှိရာ ယင်းစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် တက္ကသိုလ်များ ဘွဲ့သင်တန်းကာလပြုပြင်ပြောင်းလဲရေးနှင့် ဒီဂရီပေးအပ်မှုများကို ပြန်လည်သုံးသပ်ရန်၊ ဘွဲ့သင်တန်းကာလသတ်မှတ်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာတက္ကသိုလ်များတွင် ကျင့်သုံးနေသည့်စနစ်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၁၃) အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဆင့်မြင့်ပညာကဏ္ဍ သင်ကြား၊ သင်ယူမှုစနစ်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ(၂/၂၀၂၆)တွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဝေးသင်ပညာရေးစနစ်သည် အဆင့်မြင့်ပညာရေးတွင် အရေးပါသောကဏ္ဍတစ်ခုဖြစ်ပြီး အဝေးသင်စနစ်သင်ကြားရေးတွင် စာစဉ် (Assignment) နှစ်ကြိမ်ပြုလုပ်ရမည်ဖြစ်ရာ ပထမတစ်ကြိမ်ကို သတ်မှတ်ထားသည့်အချိန်အတိုင်း ပုံမှန်တင်သွင်းမည်ဖြစ်ပြီး ဒုတိယတစ်ကြိမ်ကို လူကိုယ်တိုင် အတန်းတက်၍ သင်ယူမှုနှင့်အတူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ပညာရေးသို့ ကူးပြောင်းရာတွင် အချက်အလက်(Data) မှန်ကန်ရေးနှင့် အခြေခံအဆောက်အအုံပြည့်စုံရေးသည် အဓိကအရေးကြီးကြောင်း၊ Online နှင့် Digital ပညာရေးစနစ် ခိုင်မာစေရန်အတွက် တက္ကသိုလ်များတွင် သင်ကြားသင်ယူမှုစီမံခန့်ခွဲမှုစနစ်(Learning Management System-LMS)သည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် Naypyitaw State Academy တို့ကို Center of Excellence အဖြစ် ထူထောင်ထားသည်ဖြစ်ရာ ပါမောက္ခချုပ်များအနေဖြင့် မိမိတို့တက္ကသိုလ်များတွင် သုတေသနနှင့် သင်ကြားရေးကဏ္ဍများ၌ ထူးချွန်သည့် ဆရာ ဆရာမများကို စုဆောင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ “အဝေးသင်သင်တန်း သင်ကြား၊ သင်ယူမှုစနစ်ပြုပြင်ပြောင်းလဲခြင်း” ကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ “ဘွဲ့သင်တန်းအစီအစဉ်များ လက်ရှိပညာရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရေး” ကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက Parallel Sessions များခွဲ၍ အုပ်စုအလိုက်ဆွေးနွေးကြပြီး ဆွေးနွေးမှုရလဒ်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးရဲတင့် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၅

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွဲတေားခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။



ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဆောက်အအုံနှင့် ရုံးဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များဌာနရမ်းမှု အခြေအနေနှင့် ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လူထုအခြေပြု ဗဟိုဌာနခွဲ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ဒလမြို့နယ်နှင့် တွဲတေားမြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကိုမှာကြားပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူ့စကားပိုင်း ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် သာသနဝေဝုလ္လဓမ္မာရုံ၌ လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက “ဒေသဖွံ့ဖြိုးရေးအသိပညာပေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားပိုင်း ဆွေးနွေးပွဲ ကျင်းပသည်။

ပြည်သူ့စကားပိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးစိုးယု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ခေတ္တစခန်းမှူး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ အမှတ်(၂၉) ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူးတို့က “ဒေသဖွံ့ဖြိုးရေးအသိပညာပေး” ခေါင်းစဉ်ဖြင့် တရားဥပဒေစိုးမိုးရေး၊ ရဝဏ်ဘေးချမ်းသာယာရေး၊ အယ်လ်နီညိုရာသီဥတုဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းခတ်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းခတ် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆–၂၀၃၇ ဘဏ္ဍာနှစ်တွင် နောင်ပိုင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေကို မိုင်းခတ်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရန်ပုံငွေဖြင့် အေးခဲ့ဖြိုးကုမ္ပဏီမှ လမ်းအရှည် ၀/၃.၃၅ မိုင်နှင့် First Dreams Co.,Ltd. ဆောက်လုပ်ရေးကုမ္ပဏီမှ လမ်းအရှည် ၀/၃ မိုင်အား တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ၈၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

မင်းတုန်းမြို့နယ် စည်ပင်သာယာဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေး

မင်းတုန်း နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် ယနေ့တွင် မြို့နယ်စည်ပင်သာယာ ဈေးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

မင်းတုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သည့် မီးသတ် တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ ဆိုင်ခန်းများ၏ လျှပ်စစ်မီး သွယ်တန်းထားရှိမှု၊ မီးသတ်ဆေးဘူးများ ကောင်းမွန်ကြံ့ခိုင်မှုနှင့် အသင့်အသုံးပြုနိုင်မှုရှိ/မရှိ၊ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ ထားရှိမှုနှင့် ရေလှောင်ကန်များ ရေပြည့်ဝမှုရှိ/မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ကြသည်။

ထို့ပြင် ဈေးသူ ဈေးသားများ အနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် မီးကြိုးမီးကျန်များနှင့် လျှပ်စစ်မီးအသုံးပြုမှုများကို စနစ်တကျ ဂရုပြုသုံးစွဲကြရန်နှင့် အရေးပေါ်မီးလန့်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ



ဆက်သွယ် အကြောင်းကြား နိုင်ရေးတို့ကို အသိပညာပေး မှာကြားခဲ့ကြောင်း သိရသည်။

ရှင်းခန့်အောင်

ရေရှားမည့်ဘေး
ရှောင်ရှားဖို့၊
ရေချို
အရင်းအမြစ်များကို
ထိန်းသိမ်းစို့

ဉာဏ်ရည်တုနည်းပညာဖြင့် ဘာသာစကားနှင့်စာပေ ထိန်းသိမ်းမြှင့်တင်ခြင်း

ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်သည် ထိုလူမျိုး၏ ဘာသာစကားနှင့် စာပေပင်ဖြစ်ပါသည်။ ဘာသာစကားတစ်ခုကို ပြောဆိုသုံးစွဲသူလုံးဝမရှိတော့သည့်အခါ ထိုဘာသာစကားသည် အပြီးတိုင်တိမ်မြုပ်ပျောက်ကွယ်သွားလေ့ရှိပါသည်။

ဘာသာဗေဒပညာရှင် David Crystal ၏ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာပေါ်ရှိ ဘာသာစကားပေါင်း ၆၀၀၀ ကျော်အနက် ထက်ဝက်ခန့်သည် လာမည့်ရာစုနှစ်အတွင်း ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ ဤကိန်းဂဏန်းသည် ဘာသာစကားတစ်ခုချင်းစီ၏ ရှင်သန်မှုသာမက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအတွက်ပါ ကြီးမားသောခြိမ်းခြောက်မှုတစ်ခုဖြစ်ပါသည်။

နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များ စုံညီစွာပါဝင်တက်ရောက်ကြသည့် ပြည်ပခရီးစဉ်တစ်ခုတွင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အမျိုးသားဝတ်စုံ၊ ရုံးသုံးဘာသာစကားနှင့် စာပေတို့အကြောင်းကို အလှည့်ကျ မိတ်ဆက်ပြောကြားကြပါသည်။ ထိုအခါ နိုင်ငံအချို့သည် ကိုလိုနီပြုမခံရမီ ရှေးယခင်က ၎င်းတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကား ရှိကောင်းရှိခဲ့နိုင်သော်လည်း ကိုလိုနီခေတ်လွှမ်းမိုးမှုအောက်တွင် ပျောက်ကွယ်သွားခဲ့ဟန်တူပြီး ယနေ့အချိန်တွင်မူ ၎င်းတို့ကို ကိုလိုနီပြုအုပ်ချုပ်ခဲ့ဖူးသည့် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီစသည့် ဘာသာစကားနှင့် စာပေများကိုသာ ရုံးသုံးအဖြစ် သတ်မှတ်ထားကြရသည်ကို တွေ့ရပါသည်။ ထိုနိုင်ငံသားအချင်းချင်း ပြောဆိုဆက်ဆံရာ၌ပင် မိခင်ဘာသာစကားကို အသုံးမပြုကြတော့ဘဲ ကိုလိုနီခေတ် အမွေအနှစ်ဘာသာစကားကိုသာ တရားဝင် အသုံးပြုနေကြသည်မှာ အလွန်ပင် ဝမ်းနည်းစရာ ကောင်းလှပါသည်။

အချို့သောနိုင်ငံများဆိုလျှင် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲကြီးများတွင် အောင်မြင်မှုများစွာ ရရှိထားသဖြင့် နိုင်ငံအမည်မှာ ထင်ရှားကျော်ကြားသော်လည်း ကိုယ်ပိုင်စာပေနှင့် ဘာသာစကား ပျောက်ကွယ်နေပြီး ကိုလိုနီစာပေနှင့် ဘာသာစကားကိုသာ အသုံးပြုနေကြရသည်ကို တွေ့မြင်ခဲ့ရပါသည်။

မိမိတို့ မြန်မာနိုင်ငံအလှည့် ရောက်ရှိလာသော အခါ ယနေ့တိုင် ရုံးသုံးစာပေနှင့် ဘာသာစကားမှာ မြန်မာစာနှင့် မြန်မာဘာသာစကားပင် ဖြစ်ကြောင်းနှင့် နှစ်ပေါင်းရာထောင်ချီ ရှည်လျားသော သမိုင်းသက်တမ်းရှိသည့် ကိုယ်ပိုင်အက္ခရာ၊ ဂန္ထဝင်အနုစာပေများဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်းတို့ကို နိုင်ငံတကာ ကိုယ်စားလှယ်များအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ပြောပြမိတ်ဆက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း နှစ်ပေါင်းများစွာ ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ဖူးသော်လည်း ဘိုးဘွားအစဉ်အဆက်၏ ထိန်းသိမ်းစောင့်ရှောက်မှုကျေးဇူးကြောင့် ကိုယ်ပိုင်စာပေနှင့် ဘာသာစကားလုံးဝမပျောက်ကွယ်ဘဲ ယနေ့တိုင် ရှင်သန်တည်တံ့နေရခြင်းဖြစ်ပါသည်။ ဤသို့ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုအပြည့်အစုံဖြင့် ရပ်တည်ပြုနိုင်ခဲ့သည့် ထိုအခိုက်အတန့်သည် အတိုင်းမသိ ဂုဏ်ယူတင့်တယ်ခဲ့ရသော ကိုယ်တွေ့ အတွေ့အကြုံတစ်ခုဖြစ်ပါသည်။

အမှန်စင်စစ် **"စာပေမြင့်မှ လူမျိုးတင့်မည်"** ဆိုသည့်အတိုင်း လူမျိုးတစ်မျိုးရပ်တည်ရာ၌ နိုင်ငံအမည်နှင့် လူမျိုးအမည်ရှိရုံမျှဖြင့် မလုံလောက်ဘဲ ကိုယ်ပိုင်ဘာသာစကားနှင့် စာပေပါ ခိုင်ခိုင်မာမာ ရှိမှသာ အမျိုးသားရေးလက္ခဏာပြည့်စုံမည်ဖြစ်ပါသည်။ ထိုသို့ ကိုယ်ပိုင်ဘာသာစကားနှင့် စာပေ မရှိပါက လူမျိုးတစ်မျိုးကို အပြင်ပန်းရုပ်ရည်သွင်ပြင်လက္ခဏာတစ်ခုတည်းအပေါ်၌သာ အခြေခံ၍ ခွဲခြားသတ်မှတ်ရသကဲ့သို့ ဖြစ်နေမည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ငယ်ရမည်ဖြစ်ပါသည်။ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားရှိမှသာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်တင့်တယ်နိုင်မည်ဖြစ်ပါသည်။

ကျောက်စာ၊ မင်စာမှသည် ဒီဂျစ်တယ်စာဆီသို့

မိမိတို့ဘိုးဘွားများ ထိန်းသိမ်းလက်ဆင့်ကမ်းခဲ့သော စာပေအမွေအနှစ်များသည် ခေတ်အဆက်ဆက် ပြောင်းလဲမှုများစွာကို ဖြတ်သန်းလာခဲ့ရပါသည်။ ရှေးဦးစွာ ခိုင်ခဲ့တည်တံ့စေရန် ကျောက်သားပြင်ပေါ်တွင် ထွင်းထုရေးသားခဲ့ကြသည့် **ကျောက်စာ**ခေတ်၊ စေတီပုထိုးနံရံများပေါ်တွင် မင်ဖြင့် ရေးခြယ်မှတ်တမ်းတင်ခဲ့ကြသည့် **မင်စာ**ခေတ်၊ ကြေး ခေါင်းလောင်းကြီးများပေါ်တွင် ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည့် **ခေါင်းလောင်းစာ**ခေတ်တို့မှသည် ထန်းရွက်ပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးခြစ်ရသော **ပေစာ**နှင့် ခေါက်သိမ်းအသုံးပြုရသော **ပုရပိုက်စာ**ခေတ်သို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

ထို့နောက် စက်မှုနည်းပညာထွန်းကားလာသည်နှင့်အမျှ ခဲစာလုံးများဖြင့် စာစီရိုက်နှိပ်သည့် **ပုံနှိပ်စာ**ခေတ်သို့ရောက်ရှိခဲ့ပြီး လူအများစုအနေဖြင့် စာပေဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်ခဲ့ကြပါသည်။ ယနေ့ ၂၁ ရာစုတွင်မူ ကွန်ပျူတာနှင့် စမတ်ဖုန်းမျက်နှာပြင်များပေါ်တွင် ဖတ်ရှုရေးသားနိုင်သည့် **ဒီဂျစ်တယ်စာ**ခေတ်သို့ ကူးပြောင်းရောက်ရှိနေဖြစ်ပါသည်။ ဤဒီဂျစ်တယ်ခေတ်တွင် မိမိတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကား ဆက်လက်ရှင်သန် ဖွံ့ဖြိုးစေရန်အတွက် ခေတ်မီဉာဏ်ရည်တုနည်းပညာ (AI) သည် အရေးပါသော ပေါင်းကူးတံတားတစ်စင်း ဖြစ်လာပါသည်။

ရှေးဟောင်းစာပေ အမွေအနှစ်များကို AI ဖြင့် ဒီဂျစ်တယ်အသွင်ပြောင်းခြင်း

ကျောက်စာ၊ မင်စာ၊ ပေစာနှင့် ပုရပိုက်စာများပေါ်တွင် မှတ်တမ်းတင်ထားသည့် ရှေးဟောင်းသမိုင်းကြောင်း၊ ပို့ဋ္ဌကထာ၊ ဆေးကျမ်း၊ ဓမ္မသတ်နှင့် စာပေအနုပညာ အမွေအနှစ်များသည် ရာသီဥတု ဒဏ်၊ ပိုးမွှားအန္တရာယ်နှင့် နှစ်ကာလကြာမြင့်မှုတို့ကြောင့် ဆွေးမြည့်ပျက်စီးမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

နိုင်ငံတကာ ယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်ငန်းများတွင် စံပြအဖြစ် အသုံးပြုနေသည့် နည်းလမ်းမှာ **AI စာလုံးဖတ်စနစ် (AI-powered OCR)** ဖြစ်ပါသည်။ ရှေးဟောင်းကျောက်စာ၊ မင်စာနှင့် ပေစာများကို ဓာတ်ပုံရိုက်ယူပြီး AI စနစ်ဖြင့် ဖတ်ရှုစေခြင်းအားဖြင့် မှေးမှိန်ပျက်စီးနေသော ရေးဟောင်းအက္ခရာစာလုံးများကို ပြန်လည် ဖော်ထုတ်နိုင်သကဲ့သို့ ဒီဂျစ်တယ်စာသားအဖြစ်သို့ အလိုအလျောက် ပြောင်းလဲသိမ်းဆည်းနိုင်ပြီဖြစ်သည်။ ထို့ပြင် ရှေးဟောင်းဝေါဟာရ အသုံးအနှုန်းများကို ခေတ်သစ်စကားပြေအဖြစ်သို့ AI အကူအညီဖြင့် ဘာသာပြန်ဆိုပေးနိုင်သဖြင့် မျိုးဆက်သစ်လူငယ်များ အလွယ်တကူလေ့လာ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

ဒီဂျစ်တယ်ခေတ်တွင် ကိုယ်ပိုင်ဘာသာစကား ဝင်ထည်စေရေး

ယနေ့ခေတ်တွင် မည်သည့်ဘာသာစကားမဆို အင်တာနက်နှင့် AI စနစ်များပေါ်တွင် အသုံးပြုနိုင်စွမ်းမရှိပါက ခေတ်နောက်ကျ ကျန်ရစ်ခဲ့မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဘာသာစကားပေါင်း ၆၀၀၀ ကျော်အနက် အနည်းငယ်မျှသာ AI စနစ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်သေးသည့်အခြေအနေတွင် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားကို AI စနစ်များက နားလည်တတ်ကျွမ်းပြီး အသုံးပြုနိုင်အောင် လေ့ကျင့်သင်ကြားပေးရန် အလွန်အရေးကြီးပါသည်။

> **စံပြအသုံးချပုံစံအနေဖြင့် မိခင်ဘာသာစကားကို AI အသံမှတ်မိစနစ် (Speech-to-Text) နှင့် အလိုအလျောက်ဘာသာပြန်စနစ် (Machine Translation) များတွင် ထည့်သွင်းတည်ဆောက်နိုင်ခြင်းဖြင့် မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုဗဟုသုတများကို ကမ္ဘာသုံးဘာသာစကားများသို့ တိကျစွာ ဘာသာပြန်ဆိုဖြန့်ဝေနိုင်သကဲ့သို့ နိုင်ငံတကာမှ ခေတ်မီသိပ္ပံနှင့် နည်းပညာပညာရပ်များကိုလည်း မိခင်ဘာသာစကားဖြင့် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ယင်းသည် ကိုယ်ပိုင်ဘာသာစကား၏ တန်ဖိုးနှင့် အသုံးဝင်မှုကို ဒီဂျစ်တယ်ခေတ်နှင့်အညီ မြှင့်တင်ပေးခြင်းပင်ဖြစ်ပါသည်။**

တိုင်းပြည်၏ အမွေအနှစ်ဖြစ်သော တိုင်းရင်းသား စာပေနှင့် ဘာသာစကားများ ထိန်းသိမ်းရေး

ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအနေဖြင့် ရုံးသုံးစာပေ၊ ဘာသာစကား ခိုင်ခိုင်မာမာ ရှင်သန်နေသကဲ့သို့ တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ်ပိုင်စာပေ၊ ဘာသာစကားနှင့် အက္ခရာများသည်လည်း တိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သောယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြပါသည်။ ဤတိုင်းရင်းသားစာပေနှင့် ဘာသာစကားများ မပျောက်ပျက်အောင် ထိန်းသိမ်းရာတွင် ဉာဏ်ရည်တုနည်းပညာသည် အကောင်းဆုံး အထောက်အကူပြုနိုင်ပါသည်။

တိုင်းရင်းသားအက္ခရာများကို ဒီဂျစ်တယ် ယူနီကုတ် (Unicode) စနစ်တွင် စံချိန်စံညွှန်းနှင့် အညီ ထည့်သွင်းခြင်း၊ ရိုးရာပုံပြင်၊ စကားပုံနှင့် သမိုင်း မှတ်တမ်းများကို AI ဖြင့် ဒီဂျစ်တယ်မှတ်တမ်းတင် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် တိုင်းရင်းသားဘာသာစကားအချင်းချင်းနှင့် ရုံးသုံးမြန်မာဘာသာစကားတို့အကြား တိုက်ရိုက် ဘာသာပြန်ပေးမည့် AI အသံနှင့် စာသားဘာသာပြန်စနစ်များ တည်ဆောက်ခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုကို အလွယ်တကူ လေ့လာနိုင်ပြီး တိုင်းပြည်၏အမွေအနှစ်များလည်း ကမ္ဘာတည်သရွေ့ ဆက်လက်ရှင်သန်နေမည်ဖြစ်ပါသည်။

လက်တွေ့အကောင်အထည်ဖော်ရာတွင် သတိပြုရမည့်အချက်များ

စာပေနှင့် ဘာသာစကားထိန်းသိမ်းရေးတွင် ဉာဏ်ရည်တုနည်းပညာကို လက်တွေ့အကောင်အထည်ဖော်အသုံးပြုရာ၌ အရေးကြီးသောအချက်နှစ်ရပ်ကို အလေးထား ဆောင်ရွက်ရန်လိုအပ်ပါသည်။ ပထမအချက်အနေဖြင့် AI စနစ်များသည် မိခင်ဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားများကို သဒ္ဒါနည်းကျ မှန်ကန်စွာနားလည်တတ်ကျွမ်းစေရန်အတွက် စာပေအချက်အလက်များ၊ အဘိဓာန်များနှင့် အသံဖိုင်များ စနစ်တကျစုဆောင်း တည်ဆောက်ခြင်းကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် AI နည်းပညာဖြင့် ဘာသာပြန်ဆိုခြင်းနှင့် စာပေဖန်တီးခြင်းများ ပြုလုပ်ရာတွင် စနစ်၏ မှားယွင်းခန့်မှန်းမှုကြောင့် ဝေါဟာရအနက်အဓိပ္ပာယ်များ လွဲမှားခြင်းနှင့် ဘာသာစကား၏ မူလအနှစ်သာရ ပျက်ယွင်းခြင်း မဖြစ်စေရန် ဘာသာဗေဒနှင့် စာပေပညာရှင်များက အမြဲတမ်း ကြီးကြပ်စိစစ် အတည်ပြုပေးရမည်ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့်ဆိုရသော် ကိုယ်ပိုင်ဘာသာစကားနှင့် စာပေဟူသည် လူမျိုးတစ်မျိုး၏ဝိညာဉ်နှင့် အမျိုးသားရေးဂုဏ်သိက္ခာပင်ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးအမည်ရှိရုံမျှသာမက ကိုယ်ပိုင် ဘာသာစကားနှင့် စာပေပါ ပြည့်စုံမှသာ အပြင်ပန်း ရုပ်ရည်သွင်ပြင်လက္ခဏာထက် ကျော်လွန်သော ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးတစ်မျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်တင့်တယ်စွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာနှင့် ပုံနှိပ်စာခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့သော မိမိတို့၏ စာပေယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ "ဒီဂျစ်တယ်စာခေတ်"တွင်လည်း ခေတ်မီဉာဏ်ရည်တုနည်းပညာနှင့် ဟန်ချက်ညီညီပေါင်းစပ် ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များထံ ဆက်လက်လက်ဆင့်ကမ်းနိုင်ရေး အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ **"သင်၏ မျိုးသား၊ စာစကားလည်း၊ ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏"**ဟူသော တိုက်တွန်းနှိုးဆော်ချက်နှင့်အညီ ပိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား

1. Recommendation on the Ethics of Artificial Intelligence, UNESCO, 2021.
2. Language Death, Cambridge University Press, David Crystal, 2000.
3. Artificial Intelligence for Historical Manuscripts Digitalization: Leveraging the Lexicon of Cyril, Tsintotas, K. A., et al., 2025.

အေအာတီသောက်သုံးလျက်ရှိသော လူနာများအတွက် ဆေးဝါးများ ပြတ်လပ်ခြင်းမရှိအောင် ဆောင်ရွက်ထား

နေပြည်တော် နိုဝင်ဘာ ၂၅



နိုင်ငံတော်က အေအာတီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးလျက်ရှိပြီး အေအာတီသောက်သုံးလျက်ရှိသော လူနာများအတွက် ဆေးဝါးများ ပြတ်လပ်ခြင်းမရှိအောင် ဆောင်ရွက်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၂၆ -၂၀၃၀) အသိပေးမိတ်ဆက်ခြင်းအခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်းများကို ငါးနှစ်တစ်ကြိမ်ရေးဆွဲပြီး အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များအဖြစ် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၏ ၉၅ ရာခိုင်နှုန်းသည် ရောဂါပိုးရှိနေကြောင်း သိရှိရန်၊ အိပ်ချ်အိုင်ဗွီပိုးရှိကြောင်း စစ်ဆေးသိရှိထားသူများ၏ ၉၅ ရာခိုင်နှုန်းသည် အေအာတီဆေးကုသမှု ရရှိရန်၊ အေအာတီဆေး သောက်သုံးနေသူများ၏ ၉၅ ရာခိုင်နှုန်းသည် ပိုးကောင်ရေထိန်းချုပ်မှုရရှိရန်နှင့် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီနှင့် ဆစ်ဖလစ်ပိုးကူးစက်မှုကင်းဝေးရန် သတ်မှတ်ထားကြောင်း ပြောကြားပြီး အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုပြခန်းကို ကြည့်ရှုသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၆-၂၀၃၀) ၏ အဓိကမျှော်မှန်းချက်သည် ၂၀၃၀ ပြည့်နှစ်တွင် အေအိုင်ဒီအက်စ်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ အဆုံးသတ်နိုင်ရေးဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယင်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင်အဓိကကဏ္ဍခြောက်ရပ်ဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ နှီးနွယ်ဝန်ကြီးဌာနများနှင့် နှီးနွယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အိပ်ချ်အိုင်ဗွီပိုးနှင့် နေထိုင်သူများ ကွန်ရက်နှင့် ဦးတည်အုပ်စုဝင်ကွန်ရက်များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ကလေး-ဖလမ်း လမ်းပိုင်းတစ်လျှောက် မိုင်တိုင်(၇၃-၇၄)ကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်း



ဖလမ်း နိုဝင်ဘာ ၂၅

ဖလမ်းခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကလေး-ဖလမ်း လမ်းပိုင်းတစ်လျှောက် မိုင်တိုင်(၇၃-၇၄)ကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လမ်းအူကြောင်း ပေါ်လွင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေး MPT နှင့် CDMA-MEC တယ်လီဖုန်းဆက်သွယ်ရေး စက်များဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် အခြေအနေများ၊ စက်များထိန်းသိမ်းထားရှိမှုများနှင့် ရုံးအဆောက်အအုံနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံနှင့် ဂိုဒေါင် ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထပ်ဆင့်လွှင့် စက်ပစ္စည်းများရရှိပါက စက်ရုံပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းအိမ်ရာ နှစ်လုံးပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်တွင် ရေသိုလှောင်ထားရှိမှုနှင့် ရပ်ကွက်အတွင်း ရေဖြန့်ဝေပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည့်အဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၈ ခုနှစ် (၃၉)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ စာရေးဆရာ ဝေလွင်မောင်-သီရိသုမမ္မသိဂီ ဒေါ်ဆွေဆွေဦး မိသားစုနှင့် ဦးကိုကိုလတ်(Managing Director) KK Business Group တို့က ငွေကျပ် ၁၅ သိန်းစီ၊ စာရေးဆရာ မြတ်မင်း(ဒဿန)က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီ)မိသားစုနှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း(ငြိမ်း) စာရေးဆရာ ကျော်စောဟန်နှင့် ကပွတိန်မျိုးကျော်ဦးတို့က ငွေကျပ်သုံးသိန်းစီ၊ ကိုအောင်ထွန်းနိုင်နှင့်ညီများ (တောင်ဒဂုံစက်မှုဇုန်-၃)နှင့် အရှင်ဝါသေဌ(စာရေးဆရာ နေနတ်နွယ်)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း) စာရေးဆရာ ညိုထွေး၊ ဒေါက်တာအောင် ကျော်ဦး-ဒေါက်တာသီတာဦးမိသားစု၊ စာချစ်သူလေးခင်(တော်ဝင်ပန်း)၊ မောင်မောင်မြင့်သိန်း(စက်မှု တက္ကသိုလ်)၊ မိုးမြင့်ဝင်း(မဟာဝိဇ္ဇာ-ဂီတ)၊ လှည်းကူးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း၊ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ စာရေးဆရာမ သက်ဦးခင် မိသားစုနှင့် ရေကြည်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ကျွန်းစဉ်မြေစောခက်၊ ဒေါ်နုနုယဉ်(နန်းညွန့်ယဉ်ခမ်း)၊ စာရေးဆရာ ပန်းမျိုးခင်၊ စာရေးဆရာမ တင်လေးနွယ်(မေမြန်မာ)နှင့် ဒေါ်ခင်အေးသန်း(ခင်ဆွေလတ်)တို့က ငွေကျပ်ငါးသောင်းစီကို ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

နတ်တလင်းမြို့၌ ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

နတ်တလင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး အသိပညာပေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ကျခတ်ဝါးရုံကျေးရွာအုပ်စု၌ ဆောင်ရွက်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး(အနောက်) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(ပြည်)၊ နတ်တလင်းခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် စိုက်ပျိုးပညာပေးရေးဝန်ထမ်းများက ကျခတ်ဝါးရုံကျေးရွာအုပ်စုရှိ တောင်သူ ၁၈ ဦးတို့၏ မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ဆီထွက်ပဲပုပ် စိုက်ပျိုးမည့် ၁၈၂ ဧက စိုက်ကွင်းမြေပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး ကွင်းဆင်းပညာပေးဆောင်ရွက်ရာ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(ပြည်)က မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စွာ ထွက်ရှိနိုင်ရေး အတွက် TBL-9 မတ်ပဲမျိုးများ အသုံးပြုစိုက်ပျိုးကြရန်၊ အတန်းလိုက်စိုက်စနစ်များ လိုက်နာကျင့်သုံးစိုက်ပျိုးကြရန်၊ ဓာတုပိုးသတ်ဆေးများ စနစ်တကျကိုင်တွယ်သုံးစွဲပြီး ဘက်စုံသီးနှံ ကာကွယ်ရေးလုပ်ငန်းများ



ဆောင်ရွက်ကြရန်၊ စားသုံးဆီဖူလုံပိုလျှံရေးနှင့် တိရစ္ဆာန်စာ ထုတ်လုပ်ရရှိနိုင်ရေးအတွက် ဆီထွက်ပဲပုပ်များ တိုးချဲ့စိုက်ပျိုးကြရန်တို့ကို မှာကြားပြီး နတ်တလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် အချိန်မီမြေပြုပြင်ရန် လိုအပ်သော စက်ကိရိယာများနှင့် စက်သုံးဆီများ အသင့်ရှိနေပါသဖြင့် လိုအပ်ချက်များရှိပါက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုနှင့် TBL-9 မတ်ပဲမျိုးစေ့ကီလိုထုပ်များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(နတ်တလင်း)

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန်အတွက် ၂၀၂၆-၂၀၂၇ / ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မော်လမြိုင် (ဟင်္သာအုပ်ငင်း)-ကျိုက်မရောလမ်း (၉ မိုင် ၇ ဖာလုံ) အပိုင်းအတွင်း ကတ္တရာကွန်ကရစ် ခင်းခြင်း၊ မြေသားတာပေါင်နှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လမ်းအရည်အသွေးကောင်းမွန်စေရန်၊ စံချိန်စံညွှန်းအတိုင်း ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှစ် လျာထားချက်အတိုင်း အချိန်မီပြီးစီးရေး အလေးထားကြရန် မှာကြားသည်။

ထို့အတူ ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၀-က) ကျောက်တောင်ကွင်းရှိ အိမ်ခြံဥယျာဉ် ငါးဇကာစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုအားပေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော် နေ့)၌ (၂၃၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်ပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များက ဆရာတော် သံဃာတော်အရှင်သူမြတ် ၁၁၁ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြပြီး ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်မည့် ကတ္တီပါသင်္ကန်းကို စေတီတော်မြတ်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ကျင်းပသည့် မီးပုံးပျံလွှတ်တင်ပွဲနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ပွဲကို တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

နမ့်စန်မြို့နယ်၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

နမ့်စန် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ၂၀၂၆ ခုနှစ် ပထမအကြိမ် တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက အမှတ်(၂)ကျေးရွာအနီး နမ့်စန်- ခိုလမ်းပြည်ထောင်စုလမ်းမကြီးဘေး ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဧော်ဝင်းထွန်းနှင့် တပ်မတော်အရာရှိများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနေပြည်သူ့စစ်အဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖျော်ဖြေရေးအကအဖွဲ့များက ပွဲတော်ညသီချင်းဖြင့် စုပေါင်းသီဆိုကပြခဲ့ပြီး ပွဲတော်တက်ရောက်လာကြသူပြည်သူများက မီးပုံးပျံငယ်စုစုပေါင်းအလုံး ၃၀၀ ကို စုပေါင်းလွှတ်တင်ခဲ့ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ယင်းနောက် နမ့်စန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖျော်ဖြေရေးအကအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများက စိန်နားပန်မီးပုံးပျံတစ်လုံးနှင့် ညမီးကြီး မီးပုံးပျံသုံးလုံး တို့ကို စုပေါင်းလွှတ်တင်ခဲ့ကြပြီး မီးပုံပွဲကို ဖျော်ရွှင်စွာ စုပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)



မော်လိုက်မြို့၌ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

မော်လိုက် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ တန်ဆောင်တိုင်ပွဲတော် ပျော်ပွဲရွှင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် ဌာနပေါင်းစုံမှဝန်ထမ်းများ၊ ဒေသခံပြည်သူများက မီးပုံးပျံများကို စုပေါင်းလွှတ်တင်ခဲ့ကြပြီး ဖျော်ဖြေရေးတီးဝိုင်းဖြင့် သီဆိုဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

မော်လိုက်မြို့ တန်ဆောင်တိုင်ပွဲတော်ပျော်ပွဲရွှင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားတွင် ဖျော်ဖြေရေးတီးဝိုင်းဖြင့် သီဆိုဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးတန်းများ၊ အလှမီးပုံးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မီးပုံးပျံများ စုပေါင်းလွှတ်တင်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)



တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပ



စစ်တွေ နိုဝင်ဘာ ၂၅

တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရခိုင်ပြည်နယ် လွှတ်တော်ဥပဒေပြုရေးကော်မတီက ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရခိုင်ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော် သို့တင်သွင်းရာပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပြီး တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးစတင်ကောက်ယူ



ကျုံပျော် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွာသစ်ကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဦးဆောင်၍ ဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရွာသစ်ကျေးရွာအတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးအနေဖြင့် လိုက်လံကောက်ယူခဲ့ကြသည်။

ထိုသို့ကောက်ယူခြင်းဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အသားထုတ်လုပ်မှုများ ဈေးကွက်လိုအပ်ချက်နှင့် အညီ မွေးမြူထုတ်လုပ်နိုင်ရန်၊ မွေးမြူရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့



စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိလာသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစင်းတို့မှ တာဝန်ရှိသူများအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်အား တွေ့ရစဉ်။

ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ် စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက် စစ်ရေယာဉ် Admiral Tributs နှင့် ထောက်ပံ့ရေး ရေယာဉ် Pechenga တို့သည် မြန်မာနိုင်ငံသို့ စတုတ္ထ အကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ည နေပိုင်းတွင် ရန်ကုန်မြို့ သင်္ဃဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော စစ်ရေယာဉ်စုမှူး ဗိုလ်ချုပ် Evgenii Nikolaevich Niasoedov နှင့် အရာရှိ၊ စစ်သည်များသည် ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း (Harbour Phase) များပြုလုပ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၂၅) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အမှတ်(၂၇)အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(အောင်ချမ်းသာ)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (အလျင်လို)တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကိုလည်းကောင်း၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကိုလည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။



ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှုတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေး အစီအစဉ်များကို ကျောင်းသား လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း၊ လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော်တို့ အနေနဲ့ တပ်မတော် စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ အခုစစ်သမိုင်း



ပြတိုက်ရဲ့ ကြည်း၊ ရေ၊ လေ ပြခန်းတွေနဲ့ ပြင်ပပြကွက်တွေကို လေ့လာခဲ့ပြီးပါပြီ။ ကျွန်တော်တို့အနေနဲ့ ကျောင်းမှာ သမိုင်းဘာသာရပ်တွေကို စာတွေ့အဖြစ်ပဲ သင်ယူခဲ့ရပါတယ်။ အခုလို စာတွေ့ လက်တွေ့ ပေါင်းစပ်လေ့လာခွင့် ရရှိတဲ့အတွက် နိုင်ငံတော်ရဲ့ သမိုင်းကြောင်းဟာ ရှေးယခင် ကတည်းက အခိုင်အမာ တည်ရှိခဲ့တယ်ဆိုတာကို သိမြင်ခဲ့ရပါတယ်။ နိုင်ငံတစ်ခု တိုးတက်ဖို့ ဆိုတာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေးစွမ်းအားတွေ ဘက်စုံဟန်ချက်ညီနေမှ ရမယ်ဆိုတာ လေ့လာခဲ့ရပါတယ်။ တပ်မတော်အတွင်းမှာ အသုံးပြုတဲ့ တိုက်လေယာဉ်တွေ၊ သင်္ဘောတွေ၊ လက်နက်တွေကို လက်တွေ့ကျကျ တွေ့ဖြင်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရရှိအောင် စီမံပေးတဲ့ နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေငါးသန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်လျှုဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေနေပြည်တော်ဒကို့ဏာသီရီမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ် မပြတ် စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကြရာ ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၄ ရက် ညတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှ လာရောက်ဖူးမြော်သည့် ဇနီးမောင်နှံသည် ဦးရေငါးသန်း ပြည့်မြောက်သည့် ကံထူးရှင်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေငါးသန်းမြောက် ဘုရားဖူးလာပြည်သူ ဇနီးမောင်နှံအား ဉာဏ်တော်ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်သားဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်းသွင်းပုံတော် တစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် မြန်မာ၊ အင်္ဂလိပ်ဘာသာ စာအုပ်နှစ်အုပ်တို့ကို အမှတ်တရဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ရန်ကုန်မြို့၌ကျင်းပသည့် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက် ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် စည်ကား

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၌ကျင်းပသည့် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက် ယမန်နေ့ ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် စည်ကားခဲ့သည်။

ကြည့်ရှုအားပေး

ထိုသို့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပွဲတော်ပါဝင်ဆင်နွှဲနေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက သွားရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ ဖြစ်သည့် စိန်ဝင်းထွန်း၊ ဂျက်မြသောင်း၊ ခင်မောင်ထူး၊ ချစ်ကောင်း၊ ဂရေဟန်၊ ခန့်စည်သူ၊ ရာဝန၊ Jenny၊ ကေကေမိုး စသည့်တေးသံရှင်များနှင့် မျက်လှည့်ပညာရှင် စိုးကြီးတို့က ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေတင်ဆက်သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို လေးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

ဘားအံမြို့၌ တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ပွဲစျေး၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဘားအံ နိဝင်ဘာ ၂၅

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ပွဲစျေး၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ မီးပုံးအလှထွန်းညှိပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲတို့ကို ယမန်နေ့ညနေပိုင်းက ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ကျောဇေယျလမ်း၊ မာန်းနဲစန်လမ်းနှင့် ရန်မျိုးအောင်လမ်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တန်ဆောင်တိုင် ပွဲတော်တွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့နှင့်အတူ ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကျောဇေယျလမ်း၊ ရန်မျိုးအောင်လမ်းနှင့် မာန်းနဲစန်လမ်းတို့တွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီ များ၊ ရပ်ကွက်/ကျေးရွာများမှ ပုဂ္ဂလိက အလှူရှင်များက စတုဒိသာကုသိုလ် ပြုကျွေးမွေးနေမှု၊ ကန်သာယာ ပတ်လမ်း၊ ဦးပေါက်တံတားနှင့် ဦးပေါက်လမ်းတစ်လျှောက် မီးအိမ်များ အလှဆင်ထွန်းညှိပူဇော်ထားမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့အတူ ဘားအံမြို့ မာန်းနဲစန်လမ်း၊ ကျော်ဇေယျလမ်းနှင့် ရန်မျိုးအောင်လမ်းဆုံ မီးပုံးပျံကွင်း၌ ကျင်းပသည့် တန်ဆောင်တိုင် မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲကို ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖွင့်လှစ်ပေးပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်မှုကို ကြည့်ရှုအားပေးသည်။

အလားတူ တန်ဆောင်တိုင် ပွဲတော် စင်တင်တေးဂီတဖျော်ဖြေပွဲအနေဖြင့် မီးပုံးပျံကွင်းတွင် Lucky Seven Music Band နှင့် တွဲဖက်၍ ဒေသခံ တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး



မဟာအောင်မြေမြို့နယ်၌ ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်

မဟာအောင်မြေ နိဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း ပုံမှန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်စေရန် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်များသို့ကွင်းဆင်း၍ ရေလှောင်ကန်များကို ကလိုရင်းဆေးခတ်ပေးခြင်း၊ ရေသန့်ဆေးပြားခတ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျန်းမာရေးနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေတိုး

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ ညလွှတ်စိန်နားပန်ပြိုင်ပွဲတွင် ဇွဲလူငယ်အသင်းနှင့် ညမီးကြီးပြိုင်ပွဲတွင် လွိုင်ခမ်းအသင်းတို့ ပထမဆုများ ဆွတ်ခူး



တောင်ကြီး နိုဝင်ဘာ ၂၅

တောင်ကြီး တန်ဆောင်တိုင် ရိုးရာမီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ကိုးရက်တိုင်တိုင် အဝေးရာမီးပုံးပျံ ကွင်း၌ ကျင်းပခဲ့ပြီး ယနေ့ညနေ ပိုင်းက ပိတ်ပွဲအခမ်းအနားနှင့် အတူ ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

(၇၆)ကြိမ်မြောက် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် နေ့လွှတ်သဘာဝရုပ်လုံး ခြေနှစ်ချောင်းပြိုင်ပွဲ၌ တိမ်ခ အသင်းကကြက်တူရွေးရုပ်လုံးဖြင့် ပထမဆုကိုလည်းကောင်း၊ မိုက်ခဲ အသင်းက ဂဠုန်ရုပ်လုံးဖြင့် ဒုတိယဆုကို လည်းကောင်း၊ အားမာန်မီးအသင်းက ကတ္တာပါရုပ်လုံးဖြင့် တတိယဆုကိုလည်း ကောင်း၊ သဘာဝရုပ်လုံးခြေလေး ချောင်းပြိုင်ပွဲတွင် R4 အသင်းက ဝက်ဝံရုပ်လုံးဖြင့် ပထမဆု၊ ရုံးပျော်အသင်းက ဆင်ရုပ်လုံးဖြင့် ဒုတိယဆု၊ ဇည့်ပျော်မီးအသင်းက ကြွံရုပ်လုံးဖြင့် တတိယဆုတို့ကို လည်းကောင်း၊ နေ့လွှတ်သဘာဝ ရုပ်လုံးအုပ်စုအလိုက် ပြိုင်ပွဲတွင် လေပွေအသင်းက သင်းကွဲ(၃) ကောင်ဖြင့် ပထမ၊ ရောပျော် အသင်းက ယုန်(၃)ကောင်ဖြင့် ဒုတိယ၊ ကိုပွားမီးအသင်းက မြင်းပျံ(၃)ကောင်ဖြင့် တတိယဆု တို့ကို အသီးသီးဆွတ်ခူးရရှိခဲ့ ကြသည်။

"စိန်နားပန် မီးပုံးပျံပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းက ပအိုဝ်း တိုင်းရင်းသားကိုယ်စားပြုအဖြစ် အေးသာယာမြို့ကနေ့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့တာပါ။ ၂၀၁၆ ခုနှစ်မှာ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှာ တတိယဆု၊ ၂၀၂၅ ခုနှစ်မှာ ဒုတိယဆုနဲ့ ဒီနှစ်မှာ ပထမဆုကို ရရှိခဲ့တာပါ။ ဒီနှစ်မှာ ပထမဆုရရှိတာဟာ အရင်ဆု ရရှိခဲ့တဲ့အောင်ပွဲတွေထက် ပိုပြီး ဝမ်းသာ ဂုဏ်ယူမိပါတယ်။ လာမယ့်နှစ် မီးပုံးပျံပြိုင်ပွဲမှာ လည်း ပိုင်ဆိုင်ထားတဲ့ချန်ပီယံဆု ကို ထိန်းသိမ်းကာကွယ်ရင်း အကောင်းဆုံး ကြိုးစားယှဉ်ပြိုင် သွားမှာပါ"ဟု စိန်နားပန်မီးပုံးပျံ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဇွဲလူငယ် အသင်းခေါင်းဆောင် ဦးစိုးဝင်းက ပြောသည်။

ထို့အတူ ညလွှတ်စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ဇွဲလူငယ် အသင်းက ပထမဆု၊ မီးအိမ်အသင်း က ဒုတိယဆု၊ နေကြာစေ့အသင်း က တတိယဆုကိုလည်းကောင်း၊ ညလွှတ်ညမီးကြီး ပြိုင်ပွဲတွင် လွိုင်ခမ်းမီးအသင်းက ပထမဆု၊ 81 နဂါးပုံအသင်းက ဒုတိယဆုနှင့် ရွှေနှင်းမီးအသင်းက တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိကြ သည်။

"ကျွန်တော်တို့ အသင်းက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် က ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ဒီနှစ်မှာ ကျွန်တော်တို့အသင်းက ပထမဆုကို ရရှိခဲ့တာပါ။ အားလုံး ကို အချိန်ယူပြီးကြိုးစားအားထုတ် ခဲ့ကြတဲ့အတွက် အောင်မြင်မှု အကျိုးကျေးဇူးရတယ်လို့ ပြောရ မှာပါ။ ဒီနှစ်ပြိုင်ပွဲက ပြိုင်ဆိုင်မှု အားကောင်းပါတယ်။ ညမီးကြီး ယှဉ်ပြိုင်မှုကို ရပ်နီး၊ ရပ်ဝေးက ပရိသတ်တွေ အထူးစည်ကားစွာ လာရောက် အားပေးတဲ့အပေါ် အထူးပဲ ကျေးဇူးတင်ဂါရဝပြုပါ တယ်။ လာမယ့်နှစ်မှာလည်း အောင်မြင်မှုကို ဆက်လက်ပိုင်ဆိုင် ထားဖို့ ပိုပြီးကြိုးစားအားထုတ် သွားမှာပါ။ ယခုလို ပြိုင်ပွဲဖြစ် မြောက်အောင် စီမံဆောင်ရွက် ပေးတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကို အထူးကျေးဇူးတင် ပါတယ်"ဟု ညမီးကြီးမီးပုံးပျံ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လွိုင်ခမ်းမီးအသင်းခေါင်းဆောင် ဦးအောင်အောင်ဦးက ပြောသည်။

၂၀၂၆ ခုနှစ် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မီးပုံးပျံ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအနေဖြင့် ယခုနှစ် မီးပုံးပျံပြိုင်ပွဲကို အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ခဲ့ပြီး ဆုရရှိ သည့် အသင်းများအနေဖြင့် ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ဒိုင်အဖွဲ့များအနေဖြင့် စိန်နားပန်နှင့် အမှတ်ပေးရာတွင် ဘက်လိုက်မှုမရှိဘဲ စနစ်တကျ အမှတ်ပေးဆောင်ရွက်ခဲ့ကြောင်း မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးဆပ် ကော်မတီ အတွင်းရေးမှူး ဦးတင်ဝင်း(ပန်းချီ)က ပြောသည်။

ယခုနှစ် တောင်ကြီးတန်ဆောင် တိုင်မီးပုံးပျံပြိုင်ပွဲသည် ပြိုင်ပွဲဝင် မီးပုံးပျံအလုံးရေ အများဆုံး၊ ပရိသတ်စံချိန်တင်အများဆုံးနှင့် ခရီးသွား ဧည့်သည်အများဆုံး လာရောက် အားပေးကြည့်ရှုခဲ့ သည့် ပွဲတော်တစ်ခုဖြစ်ပြီး လာမည့်နှစ် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို ယခုနှစ်ထက် ပိုမိုကောင်းစေရန် ပြိုင်ပွဲဝင်စနစ်အချို့ကို ပြောင်းလဲ သွားရန်ရှိကြောင်း မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီမှ သိရ သည်။

ကိုထွေး၊ သစ္စာ
ဓာတ်ပုံ-ဇွဲမာန်

ပေါင်းတည်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

ပေါင်းတည် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်မှုကို လစဉ်ပင်စင်ထုတ်ရက်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုများဖြင့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းဟောင်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးလျက် ရှိကြောင်း၊ ယခုလတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းသန်းချစ်နှင့် လက်ထောက်ဆရာဝန်များက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးအခြေအနေ စမ်းသပ်စစ်ဆေး၍ လိုအပ်သည့် ဆေးထိုးနှံမှု၊ ဆေးဝါးထောက်ပံ့မှုများဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြို့နယ်ဆီကုန်သည်အသင်းက သက်သာသောဈေးနှုန်းဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီများ ရောင်းချပေးခဲ့ ကြောင်း သိရသည်။

ရွှေသား(IPRD)

သာပေါင်းမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

သာပေါင်း နိုဝင်ဘာ ၂၅

ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ယနေ့နံနက်ပိုင်းက အုပ်သျှစ်ကျေးရွာအုပ်စုရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မြို့နယ်ဘဏ်ခွဲရုံးမှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာက ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အုပ်သျှစ်ကျေးရွာအုပ်စုရှိ တောင်သူ ၃၅ ဦး၊ လယ်မြေဧက ၂၃ ဧကအတွက် ချေးငွေကျပ် ၆၆၉ သိန်းအား ထုတ်ချေး ပေးလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်လက်ထုတ်ချေးပေးမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မြောင်းမြမြို့၌ စာအုပ်၊ စာစောင်များ သွားရောက်ဌားရမ်းပေး

မြောင်းမြ နိုဝင်ဘာ ၂၅

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေလျားစာကြည့်တိုက်ယာဉ် ဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန၊ ကွယ်လွယ်ကျေးရွာနှင့် အမက(လွန်) (ကွမ်းခြံ)တို့သို့ သုတ၊ ရသစာအုပ်စာစောင်များ စုံ သွားရောက် ဌားရမ်းပေးသည်။

ထိုသို့ စာအုပ်၊ စာစောင်များ ဌားရမ်းပေးရာတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင် များ စုံလင်စွာ ဌားရမ်းပေးခဲ့ပြီး ဌားရမ်းပေးခဲ့သည့် စာအုပ်၊ စာစောင်များ ကို ရက်သတ္တုနှစ်ပတ်လျှင် တစ်ကြိမ်လဲလှယ်စနစ်ဖြင့် ဌားရမ်းပေးမည် ဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်

ပေါင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဝါရီရွှေခန်းမ၌



တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူတို့ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်း၊ လိုအပ် သည်တို့ကို ပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများစောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

မွန်မလေး(ပြန်/ဆက်)







ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ (၃၁)ကြိမ်မြောက် ပုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ (၃၁)ကြိမ်မြောက် ပုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို ယမန်နေ့က စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

ဦးစွာ စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ မုဒြာဘုရားကိုးဆူအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ သြဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဓာတင် ပူဇော်ကြသည်။

ဆက်လက်၍ သြဝါဒါစရိယဆရာတော် သံဃာတော်များထံ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ ကံဦးပရိယတ္တိစာသင်တိုက်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ နန္ဒသာမိ ဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ)က အနုမောဒနာ တရားချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝေယံ(မရမ်းကုန်း)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ မြို့ထောင့်စေတီဘုရား၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ ရွှေဘိုတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

ရေးမြို့ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ဆီမီး ၂၅၀၀ ထွန်းညှိပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရေး နိုဝင်ဘာ ၂၅

တန်ဆောင်မုန်း လပြည့်နေ့တွင် မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ သာသနာနှစ် ၂၅၇၀ ပြည့်နှစ်ကို ရည်မှန်း၍ ဆီမီး ၂၅၇၀ ထွန်းညှိပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၂၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃာနာယကအဖွဲ့ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရှင်ပညာ



ဓောတက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပေးပြီး ပန်း၊ ဆီမီး၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည့်ဂါထာတော်ကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဦးဆောင် ရွတ်ဖတ်ပူဇော်ပေးပြီး ခရိုင် အုပ်ချုပ်ရေးမှူးက နဝကမ္မဝတ္ထု ၄ ပါးကို ဖတ်ကြားပြီးနောက် ဒေါ်ခင်ခင်ဝင်း(ရေးမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာစိုး)က ဆီမီး ၂၅၇၀ ထွန်းညှိပူဇော်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်စတုဒိသာဧည့်ခံကျွေးမွေးခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်းတို့ကို ပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

အုတ်တွင်းမြို့နယ်လုံးဆိုင်ရာ ပုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ (၉၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက်ရှိ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့်စေတီတော်မြတ်ကြီးရှေ့၌ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာ ပုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ သံဃာတော် ၁၁၅ ပါးနှင့် သီလရှင် အပါး ၅၀ စုစုပေါင်း ၁၆၅ ပါးတို့အား အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဆန်းညွှန့်လှိုင်နှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ တပ်မိသားစုဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏာဝါ အောင်နှင့် အဖွဲ့ဝင်များ၊ လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာစေတနာရှင်



ပြည်သူများ စုပေါင်း၍ မဲရုံပေါင်း ၅၃ ရုံဖြင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၃၅၇၀၀၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်း၊ စာရေးတံမဲနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ပထမအကြိမ် ဆီမီး ၁၁၀၀၀ ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မြဝတီ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် မြဝတီမြို့တွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ YMBA အသင်းနှင့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း ကျင်းပသော ပထမအကြိမ် ဆီမီး ၁၁၀၀၀ ပူဇော်ပွဲ တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့က မြဝတီမြို့ ကျက်သရေဆောင် ဆံတော်ရှင် ရွှေခြင်းဝန် စေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ရွှေမြင်းဝန်ဆံတော်ရှင် စေတီတော်ပရိဝုဏ်အတွင်းရှိ အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်ဦးပတ်လည် ရင်ပြင်တော်တွင် မင်္ဂလာဆီမီး ၁၁၀၀၀ ကို ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ် သာသနာ့နဂရဟအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ YMBA အသင်းမှ တာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အဖျံးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဖူးလာပြည်သူများက ထွန်းညှိ ပူဇော်ခဲ့ကြသည်။

ထို့နောက် မီးပုံးပျံများလွှတ်တင်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီး ဧည့်ပရိတ်သတ်များ၊ ဘုရားဖူးလာပြည်သူများအား စတုဒိသာဖြင့် တည်ခင်းဧည့်ခံခဲ့ခြင်းဖြင့် ဧည့်ပရိတ်သတ်များက နိဗ္ဗာန်ဈေးပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

တရုတ်ရှန်ကျီး (၂၄)အာကာသယာဉ် ထျန်းကုန်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် ရှန်ကျီး(၂၄) အာကာသယာဉ်သည် နိုဝင်ဘာ ၂၅ရက် ပေကျင်း စံတော်ချိန်နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် ထျန်းကုန်း အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်ခဲ့ကြောင်း တရုတ်နိုင်ငံ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအာကာသယာဉ်သည် ထျန်းကုန်း အာကာသစခန်း၏ ပင်မအခန်းဖြစ်သည့် ထျန်းဟယ်၏ အရှေ့ဘက် ချိတ်ဆက်ပေါက်နှင့် အလိုအလျောက် ချဉ်းကပ် ချိတ်ဆက်မှုအား ဆောင်ရွက်ခဲ့ပြီး ချိတ်ဆက်မှုလုပ်ငန်းစဉ်တစ်ခုလုံးသည် အချိန် ၃နာရီခွဲခန့်ကြာမြင့်ခဲ့ကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ အာကာသယာဉ်ပေါ်တွင် လိုက်ပါလာသည့် တရုတ်အာကာသယာဉ်မှူး ထန်ဟုန်ပေါ်။ ဂူယိနှင့် ထျန်းကုန်းအာကာသစခန်းသို့ ပထမဆုံးအကြိမ် လာရောက်သည့် ပါကစ္စတန် အာကာသယာဉ်မှူး ဗိုဟာမက်ဇီရန် အလီတို့သည် ထျန်းဟယ်ပင်မအခန်းအတွင်းသို့ ဝင်ရောက်မည် ဖြစ်သည်။

အဆိုပါအာကာသစခန်းရှိ ရှန်ကျီး (၂၃) အာကာသယာဉ်မှူးများကလည်း အသစ်ရောက်ရှိလာသူများကို ကြိုဆိုရန်အသင့်ပြင်ဆင်ထားခဲ့ကြောင်း သိရသည်။ ဆင်ဟွာ



ဥဏှရည်တုနှင့် နျူကလီးယားလက်နက် ပေါင်းစပ်မှုသည် ကြီးမားသော ဘေးဒုက္ခဖြစ်စေနိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သတိပေး

ကုလသမဂ္ဂ နိုဝင်ဘာ ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဥဏှရည်တုနည်းပညာနှင့် နျူကလီးယားလက်နက်များ ပေါင်းစပ်အသုံးပြုခြင်းသည် ကြီးမားသော ဘေးဒုက္ခ ဖြစ်လာနိုင်ကြောင်း သတိပေးပြောကြားခဲ့ပြီး အဆိုပါနည်းပညာနှင့် ဆက်စပ်သည့် အန္တရာယ်များကို ထိန်းချုပ်စီမံရန် နိုင်ငံစုံ ပါဝင်သော မူဘောင်တစ်ခု ချမှတ်ရန် တိုက်တွန်းခဲ့သည်။

ဂူတာရက်စ်က ယမန်နေ့တွင် ကျင်းပခဲ့သော နည်းပညာသစ်များနှင့် အမျိုးသားလုံခြုံရေး ဆက်စပ်မှုဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဥဏှရည်တု နည်းပညာကို တာဝန်သိစွာ အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် မျှဝေနိုင်ပါက လူနေမှုဘဝများကို ပိုမိုကောင်းမွန်လာစေနိုင်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သော်လည်း စစ်မြေပြင်များတွင် အဆိုပါနည်းပညာကို တိုးမြှင့်အသုံးပြုလာနေမှုအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



နျူကလီးယား ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့် ဆက်သွယ်ရေး စနစ်များတွင် ဥဏှရည်တုကို ပေါင်းစပ်အသုံးပြုနိုင်ခြေရှိနေခြင်းသည် ဘေးဒုက္ခတစ်ခုဖြစ်စေမည့် အခြေအနေဖြစ်နိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ဥဏှရည်တုကို နျူကလီးယား စွမ်းအင်နှင့် အခြားယုံကြည်စိတ်ချရသော နည်းပညာများကဲ့သို့ တူညီသော စံနှုန်းများဖြင့် ထိန်းညှိသတ်မှတ်သင့်ကြောင်း ပြောကြားခဲ့ပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ယုံကြည်စိတ်ချရပြီး လွတ်လပ်သော ကြီးကြပ်မှုဖြင့် ကျောထောက်နောက်ခံပြုထားသည့် ဥဏှရည်တုအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ နိုင်ငံစုံ မူဘောင်တစ်ခုဆီသို့ ဦးတည် ဆောင်ရွက်ကြရန် ဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

နည်းပညာသစ်များကို ဖြစ်နိုင်ခြေရှိသော အန္တရာယ် ရှုထောင့်တစ်ခုတည်းမှသာ မကြည့်ဘဲ တီထွင်ဆန်းသစ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် စီးပွားရေး လုံခြုံမှုကို မောင်းနှင်ပေးသည့် အရာများအဖြစ်လည်း ရှုမြင်သင့်ကြောင်း အမေရိကန်ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

ရုရှား ကိုယ်စားလှယ်ကမူ အန္တရာယ်များကို လျှော့ချရန် လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့သော်လည်း စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် ပတ်သက်၍ သတိထားရမည့် သဘောထားကို ထုတ်ဖော် ပြောကြားခဲ့သည်။ ဥဏှရည်တု သို့မဟုတ် အခြားခေတ်ရှေ့ပြေး နည်းပညာများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို အဆက်မပြတ် လုပ်ဆောင်နေသရွေ့ ကာလပတ်လုံး ၎င်းတို့သည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ခြိမ်းခြောက်မှု တစ်ခုအသွင် ဆောင်မည် မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အင်နံအိတ်ချ်ကေ

ပါကစ္စတန်နိုင်ငံ၌ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်မည့် ကတိကဝတ်အပေါ် ထပ်လောင်းအတည်ပြု

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံရှိ အမျိုးသမီးများ၏ အခွင့်အရေးအား ကာကွယ်စောင့်ရှောက်မည်ဖြစ်ပြီး အမျိုးသမီးများအား နည်းလမ်းပေါင်းစုံဖြင့် အကြမ်းဖက်မှုများကို နှိမ်နင်းတိုက်ဖျက်မည်ဖြစ်ကြောင်း အစိုးရ၏ ကတိကဝတ်ကို ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က နိုဝင်ဘာ ၂၅ရက်တွင် ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

ပါကစ္စတန်အစိုးရအနေဖြင့် အမျိုးသမီးများ၏ ဂုဏ်သိက္ခာ၊ ဂုဏ်အသရေနှင့် တန်းတူညီမျှသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ကတိကဝတ်ပြုထားကြောင်း နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ၎င်းက ထည့်သွင်း ဖော်ပြခဲ့သည်။

ကျား/မ အခြေပြု အကြမ်းဖက်မှု တိုက်ဖျက်ရေး ၁၆ ရက်တာလှုပ်ရှားမှုသည် နိုဝင်ဘာ ၂၅ ရက်တွင် စတင်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်အထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း နှင့် အမျိုးသမီးများကို အကြမ်းဖက်မှုများမှ ကာကွယ်ရန်အတွက် စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ လုပ်ငန်းခွင်အတွင်း နှောင့်ယှက်စော်ကားမှုများ၊ ရာဇဝတ်မှုများနှင့် အိမ်တွင်းအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း မီးမောင်းထိုးပြခဲ့ပြီး အဆိုပါဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ အကြမ်းဖက်ခံရသူများအတွက် ပိုမိုအားကောင်းသော ပံ့ပိုးကူညီ ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် ၎င်းက ပြောကြားခဲ့သည်။ ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ ရေဝင်နေသော သတ္တုတွင်းအတွင်းမှ ရုပ်အလောင်း သုံးလောင်းတွေ့ရှိ၊ သတ္တုတွင်းလုပ်သား ၂၃ ဦးကို ဆက်လက်ရှာဖွေလျက်ရှိ

ဂျကာတာ နိုဝင်ဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘိုဂေါ်ဒေသရှိ ရေများဝင်ရောက်နေသော သတ္တုတွင်းတစ်ခုအတွင်းမှ သတ္တုတွင်း လုပ်သား သုံးဦးအား သေဆုံးလျက် တွေ့ရှိခဲ့ပြီး မြေအောက်တွင် ပိတ်မိနေသည်ဟု ယူဆရသော အခြားသတ္တုတွင်း လုပ်သား ၂၃ ဦးကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေနေကြောင်း အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေး အေဂျင်စီက တရားဝင်ကြေညာချက်တွင် ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ ရုပ်အလောင်းများကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် သတ္တုတွင်း အမှတ်အသေအတွင်း အနက်မိတာ ၃၀ မှ ၄၀ ခန့်တွင် ပြန်လည်ဆယ်ယူရရှိခဲ့ခြင်း ဖြစ်သည်။

၎င်းတို့၏ အထောက်အထားများကိုမူ အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ကယ်ဆယ်ရေးသမားများက ယနေ့နှစ်နာရီပိုင်းမှ စတင်၍ သတ္တုတွင်းအတွင်းမှ ရေများကို ရေပိုက်များဖြင့် စုပ်ထုတ်နေခဲ့ကြောင်းနှင့် မွန်းလွဲပိုင်းအထိ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ



အီရန်စစ်ပွဲတွင် အမေရိကန်၏အသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃ ဘီလီယံအထိ ရှိလာ

ဝါရှင်တန် နိုဝင်ဘာ ၂၅

အီရန်နိုင်ငံနှင့် ဖြစ်ပွားနေသည့် စစ်ပွဲအတွက် အမေရိကန်၏ အသုံးစရိတ်သည် နိုဝင်ဘာ ၁၃ ရက်အထိ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃ ဘီလီယံ အထိ ရှိခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက ယမန်နေ့က လွှတ်တော်အမတ်များအား ပြောကြားခဲ့သည်။

ယင်းပမာဏတွင် အရှေ့အလယ်ပိုင်းဒေသ တစ်ဝန်း အီရန်၏ တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်ရန် ကုန်ကျစရိတ်များ မပါဝင်ကြောင်း သိရသည်။

အမေရိကန်ရေတပ်၏ ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်ရေးမှူးအဖြစ် အမည်စာရင်းတင်သွင်းခံထားရသည့် ပင်တဂွန်ဘတ်ဂျက်ဆိုင်ရာ တာဝန်ရှိသူ အာသာမီလာက အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီ ကြားနာပွဲတွင် အဆိုပါကုန်ကျစရိတ်ပမာဏကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနောက်ဆုံးထုတ်ပြန်သည့် ကုန်ကျစရိတ် ပမာဏာသည် ၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်အထိ အမေရိကန်ကွန်ဂရက် ဘတ်ဂျက်ရုံးက ခန့်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံထက် ၂၇ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါ အသုံးစရိတ်တွင် လက်နက်ခဲယမ်းများ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများ အစားထိုးဖြည့်တင်းခြင်းနှင့် စစ်ဆင်ရေးဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ်များ ပါဝင်ကြောင်း မီလာကပြောကြားခဲ့သည်။ သို့သော် ပျက်စီးသွားသည့်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ထပ်မံကုန်ကျမည့် ငွေပမာဏကိုမူ ၎င်းအနေဖြင့် ခန့်မှန်းထားခြင်းမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာကော်မတီဥက္ကဋ္ဌ ရီပတ်ဘလစ်ကန်ပါတီဝင် ရော်ဂျာ ဝစ်ကာက အဆိုပါ ပြန်လည်ပြုပြင်ရေး ကုန်ကျစရိတ်ဆိုင်ရာ ကိန်းဂဏန်းများကို အမြန်ဆုံး တင်ပြပေးရန် မီလာအား တိုက်တွန်းခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ ပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ရေးကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၅ ဘီလီယံမှ ၁၅ ဘီလီယံအထိ ရှိနိုင်ကြောင်း ပင်တဂွန်သတင်းရင်းမြစ်များကို ကိုးကား၍ သည်ဝေါစထရိဂျာနယ်က ဖော်ပြခဲ့သည်။ ဆင်ဟွာ

အမှတ်(၇၂)အစုန် ပြည်-ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာ့မီးရထား အနေဖြင့် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ဇတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များ၊ လေအိတ်ရထားတွဲဆိုင်းများဖြင့် လူစီးအမြန်ရထားများ အစုန်/အဆန် ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၇၂)အစုန်(ပြည်-ရန်ကုန်) လူစီးအမြန်လေအိတ်ရထားသည် ယနေ့နံနက် ၂ နာရီ ၁၆ မိနစ်တွင် ဥက္ကံဘူတာမှ ထွက်ခွာလာပြီး တိုက်ကြီးမြို့နယ် ဥက္ကံဘူတာနှင့် ဖလုံဘူတာကြား၊ မိုင်တိုင်အမှတ် ၅၆/၃ နှင့် မိုင်တိုင်အမှတ် ၅၆/၃ အကြားသို့ နံနက် ၂ နာရီ ၁၉ မိနစ်တွင် ရောက်ရှိဖြတ်သန်းစဉ် ရထားသံလမ်း အလယ်၌ အိပ်ပျော်နေသည့် အမျိုးသား တစ်ဦးအား ရထားဖြင့်ကြိတ်မိခဲ့ရာ ဝဲဘက်လက်တံတောင်ဆစ် အောက်မှပြတ်၊ ဦးခေါင်းယာဘက် ချိုစောင်းပေါက်ပြဲဒဏ်ရာတို့ဖြင့် ဖြစ်ပွားရာနေရာ၌ သေဆုံးသွား ကြောင်း သိရသည်။



ဥက္ကံဘူတာနှင့် ဖလုံလူတာကြား အမှတ်(၇၂)အစုန် ပြည်-ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါရထားဖြင့် လိုက်ပါလာသည့် ရထားလိုက်လုံခြုံရေး ရဲအုပ် ဦးစီးအဖွဲ့သည် နယ်မြေခံ ဥက္ကံဖြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး စခန်းမှူး ရဲအုပ်ဦးစီးခုနစ်ဦးတို့သည် နံနက် ၃ နာရီတွင် ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးရဲဇာနည် အသက်(၄၀)နှစ်၊ (၁၈) ဦးခင်မောင်မြင့် မှတ်ပုံတင်မရှိ ပနီပင်ကျေးရွာ ဥက္ကံဖြို့နေထိုင်သူ ဖြစ်ကြောင်း သိရသည်။

သေဆုံးသူအား ဥက္ကံဖြို့ ဇြိမ်းအေးချမ်းသာ လူမှုကူညီရေး အသင်းယာဉ်ဖြင့် ဥက္ကံတိုက်နယ် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဥက္ကံဖြို့မရဲစခန်းတွင် သေမှုသေခင်းအမှတ် (၁၅၅/၂၀၂၆) ဖြင့် အမှုဖွင့်ဆောင်ရွက်ထား ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အမှတ်(၇၂) အစုန် လူစီးအမြန်ရထားသည် ဖြစ်ပွားရာနေရာတွင် ၄၆ မိနစ် ကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းအနီး နေထိုင်ကြ သည့်ဒေသခံပြည်သူများအနေဖြင့် ရထားလမ်းပေါ်နှင့် ရထားလမ်း အနီး စည်းကမ်းမဲ့ဖြတ်သန်းသွား လာမှုများကြောင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားပြီး ရထားလမ်းပေါ်တွင် အိပ်စက်ခြင်းများကြောင့် လည်းကောင်း မတော်တဆဆုံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုကဲ့သို့ လူသေဆုံး/ထိခိုက်ဒဏ်ရာ ရရှိခြင်းများ ကြုံတွေ့နေရသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရထားလမ်းအနီးရှိ ကျေးရွာ၊ ရပ်ကွက်နှင့် မြို့နယ်များတွင် လူထုအသိပညာပေးဟောပြောပွဲ များပြုလုပ်ခြင်း၊ လက်မှတ် စာစောင်များ ဖြန့်ဝေခြင်း၊ ဘူတာများရှိ ကြေညာသင်ပုန်း များတွင် အသိပေးထုတ်ပြန်ခြင်း များ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ “ရထားအန္တရာယ်ကင်းရှင်း ရေးနှင့်ပတ်သက်၍ သိရှိလိုက်နာ ရမည့်အချက်များ”အား ပြည်သူ အားလုံးက အထူးအလေးထား လိုက်နာကြရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရနှင့် စစ်ကိုင်းမြို့နယ်တို့တွင် ငွေကျပ် ငါးဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ သိန်းကျော်နှင့် ဘိန်းဖြူ ၄၈ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရနှင့် စစ်ကိုင်းမြို့နယ်တို့တွင် ငွေကျပ် ငါးဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ သိန်းကျော်နှင့် ဘိန်းဖြူ ၄၈ ကီလိုကျော် သိမ်းဆည်းရမိပြီး ဖမ်းဆီးမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးကားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရပြည်ကြီးတံခွန်မြို့နယ် (၇)ရပ်ကွက်နေ မနှင်းနှင်းဦး(ခ) ဂျပန်မ၏နေအိမ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် နားဥောင်းကျရွာနေ မိုးထက်အောင်(ခ)မိုးထက်အား ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ Nissan Tiida ယာဉ်တစ်စီးတို့နှင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့တွင် အမရပူရမြို့နယ်၌ အေးချိုအား ဘိန်းဖြူ ၂၂ ကီလို၊ ဆိုင်ကယ်တစ်စီးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် စောကဲဘလူးမူးနှင့် မဖြူဖြူဝင်းတို့အား ကလေးမြို့၌ လည်းကောင်း၊ မအိအိကျော်(ခ) အိကျော်နှင့် ထက်ပိုင်မူး(ခ)ထက်ပိုင်အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ အောင်ခိုင်စိုး(ခ)သားထူး အား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ ဟိုတယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မိုးထက်အောင်(ခ)မိုးထက်၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်တွင် နောင်နောင်အား စိတ်ကြွဆေးပြား တစ်သိန်း၊ သုံးဘီးယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၄ ရက်တွင် ခွဲမြမြသာစည်မြို့နယ်၌ ဖမ်းဆီးရမိစိတ်ကြွဆေးပြား များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရာဇာလင်းနှင့် ဆုအောင်ကိုလည်းကောင်း၊ ထင်ကျော်(ခ)ကျော်ကြီးအား ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ကျော်ဇင်ထွေးအား ချမ်းမြသာစည်မြို့နယ်၌ ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့်ပူးပေါင်း၍ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းရွာအနီးတွင် ကျော်ဇင်ထွေးထံမှ ကလေးသို့ပို့ဆောင်ရန် သိုက်သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၈ ဒသမ ၅ သိန်းအား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် သိမ်းဆည်းရမိစိတ်ကြွဆေးပြားများ သယ်ဆောင် ခိုင်းသူ အောင်အောင်(ခ)ဘကြီးအောင်အား ကလေးမြို့ အောင်မြေမာန် ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် အထက်ပါပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် ရွားတောလေးရွာအနီး၌



တရားခံ အောင်ခိုင်စိုး(ခ)သားထူး၊ စောကဲဘလူးမူး၊ ထက်ပိုင်မူး (ခ)ထက်ပိုင်၊ အေးချို၊ မိုးထက်အောင်(ခ)မိုးထက်၊ မအိအိကျော်(ခ) အိကျော်၊ မနှင်းနှင်းဦး(ခ)ဂျပန်မနှင့် မဖြူဖြူဝင်းတို့အား သိမ်းဆည်းရမိ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလိုနှင့်အတူ တွေ့ရစဉ်။

လှိုင်နေထွန်းနှင့် ထွန်းမင်းလတ်တို့နှစ်ဦးအား Canter ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့တွင် သိမ်းဆည်းရမိဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် မဦးမြောနှင့် ဝဏ္ဏထွန်းတို့နှစ်ဦးကို အောင်မြေသာစံမြို့နယ်၌လည်းကောင်း၊ မစန်းစန်းအေးနှင့် စောလှထူး တို့အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများ ပို့ဆောင်ခိုင်းသူ သားချို၀င်း(ခ)ကိုသားကြီး(ခ)ကိုသားအား ဧရာဝတီရိုးမြို့နယ်၌ Toyota Kluger ယာဉ်တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ သဖြင့် ဖမ်းဆီးမှုဖြစ်စဉ်တွင် ငွေကျပ် ၅ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ ဒသမ ၅ သိန်းနှင့် ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို တို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွဆေးပြား များအား သယ်ဆောင်ခိုင်းသူမှာ တမူးမြို့နေလားရီအဲ(ခ)သားကြီး(ခ)အဲငါ (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများအား ရောင်းချရန်ပို့ဆောင်ခိုင်းသူမှာ ဖယ်ခုံမြို့နယ်နေ တင်ဝင်း(ခ)ကံဦး(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ဖယ်ခုံမြို့နယ်နေ မိုးကျော်(ခ) မိုးအောင်က ပင်လောင်းမှ မန္တလေးသို့ သယ်ဆောင်ရောင်းချခြင်းဖြစ်ပြီး မန္တလေးမှတစ်ဆင့် ကလေး သို့ ဆက်လက်သယ်ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများ အား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ သတင်းရယူဖော်ထုတ်ဖမ်းဆီးမှုအပေါ် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၆-၁၁-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်သော နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဆရာတော်များ၏ ဟိုတ်တရားတော်ဂူတော်ဟိပူးစင်ခြင်း
၀၇:၀၀ နံနက်သင်ယောင်
၀၈:၃၀ ငွေမြန်မြန်အလွန်မှသည် SME သို့ရည်
၀၉:၁၀ NRC အစီအစဉ်
၁၀:၃၀ နိုင်ငံတော်သမ္မတရုံးဒုတိယအကြိပ် သတင်းဌာနှင်းလင်းပွဲ (အပိုင်း-၂)
၁၁:၁၅ NEXT LEVEL
၁၂:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘စံဘီဝတ်ဟိ’ (အပိုင်း-၀၉)
၁၃:၃၀ MRTV National News
၁၄:၃၀ ဒေနရှင်းသစ်-သီပို့ဝေတော်
၁၅:၀၀ Soccer View
၁၅:၃၀ လူမှုမီးများသတင်းများ
၁၈:၃၅ သံစဉ်ဖြိုး မြန်မာဇာတ်သမားလှု
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ ‘ငဒင်’ (အပိုင်း-၂၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝမြာ-စတီရီယိုတေးကဏ္ဍာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ငွေထုတ်ဘုရားတော်’ (အပိုင်း-၃)
၂၂:၅၅ ရုပ်မြင်သံကြားဇာတ်လမ်း

mtv

07:01 Evergreen Classic: MHsu Myat Khay Mar
07:09 Sayit-Wyne Girls
07:32 Nga Laik Sakhanthar Elephant Camp
07:50 Healthy Diet: Balanced Diet
08:01 News
08:26 The Future of Coffee - B
08:38 National Museum (Yangon)
09:01 The Art of Taxidermy: U Myo Naing
09:01 Admirable Needle Felt Art
09:13 Thahtay Kyun Island
09:26 The Ornithologist: Dr. Thein Aung

Me

၀၆:၀၀ အတွင်း၊ ဝမ္မပုဇာတ်သိချင်းများ
၀၆:၃၀ မြန်မာသံစဉ်တေးများ
၀၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘နှတ်ချို့သို့ဇာတ်ပါး’ (အပိုင်း-၁၀)
၀၇:၅၀ ရုပ်ပုံသဘင် ‘ဝညာလွန်းဇာတ်တော်’
၀၉:၂၅ Japanese Single Chart (35)
၁၀:၀၀ မြန်မာရုပ်ရှင်(ဖြူမည်း) ‘ဘင်ဝတစ်ခုသားတစ်ခု’

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ရာဇပြိတ်ပြိုသိုးလည်ဘစ်ဒေါက်
ချင်း (ဖလံး) (၀၇:၀၀ မှ ၀၈:၀၀)
သွင်းတောကာန္တားနောက်များအားကြောင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀)
လုံခြုံနေးထွေးအိပ်ယမွန်ပိုင်ရာအိမ်ကလေး
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ဝမ်းနားဆည်ဖိတ်ားသားတိုရဲ့ဌေးလက်ရာ
ရွမ်း (၁၂:၀၀ မှ ၁၄:၀၀)
ကျန်းမာရေးနဲ့ညီညွတ်ငှောင်
ကိုယ်အလေးချိန်ရေလျှော့နည်း

၀ (၁၄:၀၀ မှ ၁၆:၀၀)
ကျိုင်းတုံပြိုရဲ့အထင်ကရနေရာများသို့ (အပိုင်း-၂)
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
လှရုက်ဖွန်-စိုပုတ်အို
ဗမာ (၁၈:၀၀ မှ ၂၀:၀၀)
ဌေးမင်းနှင်းတို့စံထျက်ရာဝေ့တောင်ပြည်
ဝဇ္ဇကာရင် (၂၀:၀၀ မှ ၂၂:၀၀)
အမဲသားတုတ်ထိုး
ဘဇနောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၃၀)
ကရင်ရိုးရာဝတ်သားနှင့်မျစ်တက်ထုပ်ပါင်း
ဘဇရှေ့ပိုးကရင် (၂၂:၃၀ မှ ၂၃:၀၀)
ပန်းဒီဇာရာစာထွန်းလင်းနှင်းတွဲဆုံးမမြန်းခြင်း

MRTV NEWS

၀၆:၀၀ အတွင်း၊ တေးသီချင်း
၀၆:၀၅ လူ့လှုပ်ရှားမှုအားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၂၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၁၅ MSME ကဏ္ဍပွဲပြိုးတိုးတက်ရေး နိုင်ငံတော်မှဦးစားပေး
၁၈:၄၅ ကမ္ဘာ့မန်ကျည်ဝီလစ်ကွဲရုံလင်
၁၉:၄၅ လျှောလေ့လာအောင်ပိုင်းညီးပညာ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ နိုင်ငံတော်သမ္မတရုံးဒုတိယအကြိပ် သတင်းဌာနှင်းလင်းပွဲ (အပိုင်း-၁)

MRTV ENTERTAINMENT

၀၆:၀၀ အတွင်း၊ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်ယုလယ်သမားရေးရာသတင်း
၀၆:၂၅ မြန်မာ့ဝယ်ဆန်းကမ္ဘာ့လွှမ်း တစ်ဝေါ်ဆန်းရာပည်
၀၇:၀၀ စိုက်နိုးငွေမြို့သုတာတက် ‘စိုက်ရန်းရေးသူတော်သန့်ဇော်ဘုံးလမ်း’
၀၈:၀၀ မြန်မာ့ကော်ဖီရုံမြို့မှသည် နိုင်ငံရဲတွေးတိုးတွေးစေညီ
၁၀:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ဝုံတုမုံးတွေးရွာတုန်းတ’ (အပိုင်း-၇)

MRTV SPORTS

၀၆:၀၀ အတွင်
၀၆:၂၀ လူပေါ်တို့အတွက်လမ်းမြောပြ
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly Soccer Preview
၀၈:၀၀ 33rd SEA Games အပြိုင်းသားတောရပုံပြိုင်ပွဲ (Replay) (မြန်မာနှင့်စင်ကာပူ)
၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV Radio MRTV Radio

Education Channel





တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးအဖွဲ့ဝင်များနှင့် အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိပြီး ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၅

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသား ပြည်သူများအား ထိခိုက်သေဆုံးမှုများနှင့် ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများ၊ ဈေးများ၊ ဘဏ်များ၊ လျှပ်စစ်ရုံးများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက် ည ၈ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏မြောက်ဘက် မီတာ ၃၀ ခန့်အကွာ အများပြည်သူသွားကားလမ်းမဘေး၌ မသင်္ကာဖွယ်ရာ ကျောပိုးအိတ်တစ်လုံး တွေ့ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှင်းလင်းခြင်းများဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားခဲ့သော မိုင်းပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် တံတားဦးမြို့နေ ဦးသက်ဆွေဇြိမ်း (၄၅ နှစ်)(ဘ) ဦးမာကြည်၊ ဦးအေးမောင် (၃၅ နှစ်)(ဘ) ဦးသန်းထွန်းမင်း၊ ဦးသိန်းဆွေ (၅၇ နှစ်)(ဘ) ဦးလှအောင်၊ ဦးအောင်ကိုမြတ် (၄၈ နှစ်) (ဘ) ဦးဆန်းအောင်၊ ဦးစောသန်း (၇၁ နှစ်) (ဘ) ဦးမြခင်၊ တို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြရာ အဆိုပါ ထိခိုက်ဒဏ်ရာ ရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက တံတားဦးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ဦးသိန်းဆွေ (၅၇ နှစ်) (ဘ) ဦးလှအောင်သည် ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် ရရှိဒဏ်ရာများဖြင့်သေဆုံးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အများပြည်သူသွားလာနေသည့် လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံထောင်ခြင်း၊ အဝေးမှ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ လူမဆန်သည့် လုပ်ရပ်များကို ယုတ်မာစွာ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး တာဝန်သိ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အများပြည်သူသွားကားလမ်းမကြီးဘေးတွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ။


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တွင် အများပြည်သူသွားကားလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ လက်လုပ်မိုင်းထည့်၍ ပစ်ထားသည့် ကျောပိုးအိတ်အား တွေ့ရှိနေရာကို တွေ့ရစဉ်။


ကျောပိုးအိတ်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းကို တွေ့ရစဉ်။


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိမှု။



ပြည့်ဝဆီမျှားကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ကိုးလုံးစုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု
ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု
ဖြိုဖျက်ပြီးစီးမှု

❁ ကျောဖုံးမှ

တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁၀ ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ငါးဂိုး- သုံးဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ "တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ" အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်တော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးခွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တွန်းဇံမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

တွန်းဇံ နိုဝင်ဘာ ၂၅

ချင်းပြည်နယ် တွန်းဇံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၂၆) ဖွင့်ပွဲနှင့် သင်တန်းပို့ချခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါဆင့်ပွားသင်တန်းဖွင့်ပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်တာဝန်ခံက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရမည့်ပုံစံအချက်အလက်များနှင့် လုပ်ငန်းစဉ်များစသည့် စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စာရင်းကောက်ယူရမည့်အချက်အလက်ပုံစံများကို စာရင်းကောက်ယူမည့် သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



ရေကြည်လင်မှ စိတ်အေးချမ်း၊
ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း ။

ခေတ်သစ်လူနေမှုစနစ်နှင့် အသည်းကျန်းမာရေး သတိပေးအချက်အလက်များ

ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲတွင် အလုပ်လုပ်ဆုံးနှင့် ဝေဒနာကို အဆိုးရွားဆုံးအဆင့်အထိ အောင့်အည်းသည်းခံတတ်သော အင်္ဂါအစိတ်အပိုင်းမှာ အသည်းပင်ဖြစ်သည်။ အသည်းသည် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ အစာခြေစနစ်ကို ကူညီခြင်းနှင့် စွမ်းအင်သိုလှောင်ပေးခြင်း စသည့် လုပ်ငန်းဆောင်တာပေါင်းများစွာကို နေ့စဉ်မပြတ်လုပ်ဆောင်နေရသည်။

ဒေါက်တာအောင်ညွှန့်ပိုင်

သို့သော် ယနေ့ခေတ် ပြောင်းလဲလာသော လူနေမှုစနစ်၊ အစားအသောက်ပုံစံများနှင့်အတူ အသည်းရောဂါ ဖြစ်ပွားမှုနှုန်းသည် ကမ္ဘာတစ်ဝန်း သိသိသာသာမြင့်တက်လာနေသည်။ ယခု ၂၀၂၆ ခုနှစ်တွင် နိုင်ငံတကာ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများသည် အသည်းကျန်းမာရေးနှင့်ပတ်သက်၍ အရေးကြီးသောပြောင်းလဲမှုများ၊ လမ်းညွှန်ချက် အသစ်များနှင့် ဆေးဝါးကုသမှု တိုးတက်မှုများကို ထုတ်ပြန်ကြေညာထားသည်။

အသည်းအဆီဖုံးခြင်း အခေါ်အဝေါ်အသစ် (MASLD နှင့် MASH)

ယခင်က ကျွန်ုပ်တို့ အလွယ်တကူ ခေါ်ဆိုခဲ့ကြသော "အရက်ကြောင့်မဟုတ်ဘဲ အသည်းအဆီဖုံးခြင်း"(NAFLD – Non-Alcoholic Fatty Liver Disease) နှင့် "အသည်းအဆီဖုံးပြီး အသည်းရောင်ခြင်း" (NASH – Non-Alcoholic Steatohepatitis) ဟူသော ဆေးပညာဝေါဟာရများကို ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့အသည်းရောဂါဆိုင်ရာ အဖွဲ့အစည်းကြီးများက တရားဝင်အသုံးမပြုတော့ဘဲ ပိုမိုတိကျသော ခေတ်မီအခေါ်အဝေါ်များအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်သည်။

MASLD (Metabolic Dysfunction-Associated Steatotic Liver Disease)။ ဇီဝကမ္မဖြစ်စဉ် ချို့ယွင်းမှုကြောင့် အသည်းအဆီဖုံးခြင်းဟု အဓိပ္ပာယ်ရသည်။ ကိုယ်အလေးချိန်များခြင်း၊ ဆီးချို၊ သွေးတိုးနှင့် ကိုလက်စထရောများခြင်း စသည့်ခန္ဓာကိုယ်တွင်း ဇီဝကမ္မချို့ယွင်းချက်များကြောင့် အသည်းတွင် အဆီစုလာခြင်းကိုဆိုလိုသည်။

MASH (Metabolic Dysfunction-Associated Steatohepatitis)။ အသည်းတွင် အဆီဖုံးရုံမျှမကဘဲ အသည်းဆဲလ်များပါ စတင်ရောင်ရမ်းပြီး ပျက်စီးလာသည့်အခြေအနေဖြစ်သည်။ ဤအဆင့်ကို အချိန်မီမကုသပါက အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာအထိ ကူးပြောင်းသွားနိုင်သည်။

ယခင်အခေါ်အဝေါ်ပါ "အရက်ကြောင့်မဟုတ်သော" ဟူသည့် စကားလုံးသည် လူနာအား အရက်သောက်သူလား၊ မသောက်သူလား ဟူ၍ ခွဲခြားဆက်ဆံသကဲ့သို့ဖြစ်စေပြီး ရောဂါဖြစ်ရသည့် အဓိကတရားခံ(ဇီဝကမ္မဖြစ်စဉ်နှင့် အဝလွန်ခြင်းပြဿနာ) ကို ကွယ်ပျောက်စေသောကြောင့် ယခုကဲ့သို့ စနစ်တကျပြောင်းလဲလိုက်ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၏ အမေရိကန် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အဖွဲ့ (AGA) ၏ မွမ်းမံထားသော လမ်းညွှန်ချက်အရ အောက်ပါအုပ်စုဝင်များသည် လက္ခဏာမပြသော်လည်း အသည်းအဆီဖုံးခြင်း ရှိ၊ မရှိ မဖြစ်မနေ အာထရာဆောင်း (Ultrasound) သို့မဟုတ် Fibroscan ဖြင့် စစ်ဆေးရမည်ဟု သတ်မှတ်ထားသည်။

အမျိုးအစား (၂) ဆီးချိုရောဂါ ရှိသူများ။

အဝလွန်ခြင်း (Obesity) ရှိပြီး သွေးတိုး သို့မဟုတ် သွေးတွင်းအဆီဓာတ် မြင့်မားသူများ။

သွေးစစ်ရာတွင် အသည်းအင်ဇိုင်း (ALT သို့မဟုတ် AST) အကြောင်းရင်းမရှိဘဲ တက်နေသူများ စသူတို့သည် လက္ခဏာမပြသော်လည်း အသည်းအဆီဖုံးခြင်း ရှိ၊ မရှိ မဖြစ်မနေ အာထရာဆောင်း (Ultrasound) သို့မဟုတ် Fibroscan ဖြင့် စစ်ဆေးရမည်ဟု သတ်မှတ်ထားသည်။

MASH (အသည်းအဆီဖုံးရောင်ရမ်းခြင်း) အတွက် ကုသဆေးများ ပေါ်ထွက်

အတိတ်ကာလက အသည်းအဆီဖုံးပြီး ရောင်ရမ်းပါက ဝိတ်ချရန်နှင့် အစားအသောက်ဆင်ခြင်ရန်သာ လမ်းညွှန်နိုင်ခဲ့ပြီး သီးသန့်ကုသဆေးမရှိခဲ့ပါ။ သို့သော် ၂၀၂၆ ခုနှစ်သည် အသည်းရောဂါကုသမှုလောကတွင် "အရှိန်အဟုန်ဖြင့် အရေးယူဆောင်ရွက်သည့်နှစ်" (Year of Action) ဖြစ်လာခဲ့သည်။

Resmetirom နှင့် Semaglutide ကဲ့သို့သော ဆေးဝါးအသစ်များသည် အသည်းအဆီဖုံးရောင်ရမ်းခြင်း (MASH)ကြောင့် အသည်းအတွင်း အမာရွတ်ထင်ခြင်း (Fibrosis)ကို သိသိသာသာလျော့ကျစေကြောင်း အရှိန်မြှင့်အတည်ပြုချက်များ (Accelerated Approvals) ရရှိလာပြီဖြစ်သည်။ ၎င်းသည် အသည်းအစားထိုးကုသရမည့် အဆင့်သို့ မရောက်အောင် တားဆီးပေးနိုင်မည့် မျှော်လင့်ချက်အသစ်ဖြစ်သည်။

အသည်းရောင် ဘီပိုး (Hepatitis B) အမြစ်ပြတ်ကုသနိုင်မည့် မျှော်လင့်ချက်

ယခုအခါ အသည်းရောင်ဘီပိုးကို ခန္ဓာကိုယ်ထဲမှ အပြီးတိုင် ဖယ်ရှားပစ်နိုင်မည့် (Functional Cure) ဆေးဝါးအသစ်များ (ဥပမာ- Bepirovirsen) ၏ တတိယအဆင့် (Phase 3) စမ်းသပ်ချက် ရလဒ်ကောင်းများသည် ၂၀၂၆ ခုနှစ်အတွင်း ထွက်ပေါ်လာနေပြီဖြစ်သည်။ မကြာမီနှစ်များအတွင်း ဘီပိုးကို ရာသက်ပန်ဆေးသောက်စရာမလိုဘဲ အမြစ်ပြတ်ကုသနိုင်တော့မည်ဖြစ်သည်။

"အရက်" နှင့်ပတ်သက်၍ သတိပေးချက်

၂၀၂၆ ခုနှစ် လမ်းညွှန်ချက်များတွင် အသည်းအဆီဖုံး (MASLD) ဝေဒနာရှင်များအတွက် အလွန်အရေးကြီးသော သတိပေးချက်တစ်ခုပါဝင်လာသည်။ ၎င်းမှာ "အသည်းအဆီဖုံးနေသူများအတွက် အန္တရာယ်ကင်းသော အရက်ပမာဏဟူ၍ မရှိပါ"ဟူသော အချက်ဖြစ်သည်။ အရက်ကို အနည်းငယ်မျှသောက်ခြင်းကပင် အသည်းဆဲလ်များ ပျက်စီးမှုကို နှစ်ဆပိုမိုမြန်ဆန်စေကြောင်း ဆေးပညာအရ အိုင်အမာသက်သေပြလိုက်ပြီဖြစ်သည်။

> ❖ **မြန်မာနိုင်ငံတွင် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ပွားမှု မြင့်မားရခြင်းသည် အရက်နှင့် ပိုင်းရပ်စ်ပိုးများကြောင့်သာမက နေ့စဉ်စားသောက်နေထိုင်မှုပုံစံများတွင် ပုန်းကွယ်နေသောဘေးအန္တရာယ်များကြောင့်လည်းဖြစ်**
>
> ❖ **ပါရာစီတမော (Paracetamol) ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံသောက်ခြင်း သို့မဟုတ် အာမခံချက်မရှိသော တိုင်းရင်းဆေးအမြစ်ခြောက်၊ အရွက်ခြောက်များကို ရောဂါပျောက်ကင်းလိုဇောဖြင့် ရေရှည်ကျိုသောက်ခြင်းများသည် အသည်းကို တိုက်ရိုက်အဆိပ်သင့်စေပြီး "ရုတ်တရက်အသည်းပျက်စီးခြင်း" (Acute Liver Failure) ကို ဖြစ်ပေါ်စေနိုင်သည်**

NASH ဖြစ်ပွားမှုကို ကာကွယ်ရန် အစားအသောက်ပုံစံ ပြောင်းလဲခြင်း

အသည်းရောင်ရမ်းခြင်း (NASH) ဖြစ်ပွားမှုကို ကာကွယ်ရန် အစားအသောက်ပုံစံ ပြောင်းလဲခြင်းသည် အရေးကြီးဆုံးနည်းလမ်းဖြစ်သည်။ ဆေးဝါးကုသမှုများ ပေါ်ထွက်လာသော်လည်း အစားအသောက်ပုံစံ မှားယွင်းနေပါက ဆေးဝါးများ၏ ထိရောက်မှုကို လျော့နည်းစေသည်။

နေ့စဉ်ဘဝ သတိပြုဖွယ်ရာ အန္တရာယ်များ

မြန်မာနိုင်ငံတွင် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ပွားမှုမြင့်မားရခြင်းသည် အရက်နှင့် ဗိုင်းရပ်စ်ပိုးများကြောင့်သာမက နေ့စဉ်စားသောက်နေထိုင်မှုပုံစံများတွင် ပုန်းကွယ်နေသော ဘေးအန္တရာယ်များကြောင့်လည်း ဖြစ်နိုင်သည်။

မှိုဆိပ် (Aflatoxin) အန္တရာယ်

Aflatoxin ဟုခေါ်သော မှိုဆိပ်သည် အသည်းကင်ဆာဖြစ်ပွားစေသည့် အဓိကတရားခံဖြစ်သည်။ အစိုပြန်ပြီး စနစ်တကျ သိုလှောင်မထားသော အောက်ပါအစားအစာများတွင် ထိုမှိုဆိပ်များ တွယ်ကပ်နေတတ်သည်။

မြေပဲတောင့်၊ မြေပဲဆီ (စက်ရုံထုတ်မဟုတ်ဘဲ စနစ်တကျသန့်စင်မထားသောဆီ)။

ငရုတ်သီးမှုန့်၊ ချဉ်း (ကျင်း) ခြောက်။

ငါးခြောက်၊ ပုစွန်ခြောက်နှင့် ပဲပုပ်များ။

ကာကွယ်ရန်နည်းလမ်း: မှိုတက်နေသော၊ အရောင်ပြောင်းနေသော၊မပုပ်သော်လည်း အနံ့အသက်မကောင်းသော အစားအစာများကို လုံးဝ (လုံးဝ) မစားသုံးသင့်ပါ။

ဈေးကွက်ထဲမှ ဓာတုဆိုးဆေးများနှင့် အစားအသောက်အန္တရာယ်

အချို့သော လက်ဖက်နှပ်များ၊ ငရုတ်သီးမှုန့်များနှင့် မုန့်မျိုးစုံတွင် အသုံးပြုတတ်သော စက်မှုသုံးဓာတုဆိုးဆေးများ (ဥပမာ – Auramine O, Rhodamine B) သည် အသည်းဆဲလ်များကို တိုက်ရိုက်ဖျက်ဆီးပြီး အသည်းပျက်စီးမှုကိုဖြစ်စေသည်။ ထို့ကြောင့် အစားအသောက်ဝယ်ယူရာတွင် အစိုးရ (FDA) က ခွင့်ပြုထားပြီး ယုံကြည်စိတ်ချရသော တံဆိပ်များကိုသာ ရွေးချယ်ရန်လိုအပ်သည်။

အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးများ စည်းကမ်းမဲ့သောက်ခြင်း

ပါရာစီတမော (Paracetamol) ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံသောက်ခြင်း သို့မဟုတ် အာမခံချက်မရှိသော တိုင်းရင်းဆေးအမြစ်ခြောက်၊ အရွက်ခြောက်များကို ရောဂါပျောက်ကင်းလိုဇောဖြင့် ရေရှည်ကျိုသောက်ခြင်းများသည် အသည်းကို တိုက်ရိုက်အဆိပ်သင့်စေပြီး "ရုတ်တရက်အသည်းပျက်စီးခြင်း" (Acute Liver Failure) ကို ဖြစ်ပေါ်စေနိုင်သည်။

အသည်းသည် ထိခိုက်ပျက်စီးမှု ၇၅ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိသည့်တိုင်အောင် ကိုယ်တိုင်ပြန်လည်ပြုပြင်နိုင်စွမ်း (Regeneration) ရှိသော ထူးခြားသည့်အင်္ဂါဖြစ်သည်။ ထို့ကြောင့် ယနေ့မှစ၍ အောက်ပါအလေ့အကျင့်ကောင်းများကို မပျက်မကွက် မွေးမြူကြရန် တိုက်တွန်းလိုပါသည်။

ကျန်းမာသော အသည်းအတွက် နေ့စဉ်ပြုလုပ်ရမည့် အလေ့အကျင့် ငါးခု

၁။ အချိန်နှင့်အဆီ လျော့ပါ
ကာဗိုဟိုက်ဒရိတ်နှင့် သကြားဓာတ်လွန်ကဲမှုကို ရှောင်ပါ။

၂။ တစ်နေ့ မိနစ် ၃၀ လမ်းလျှောက်ပါ
ကိုယ်အလေးချိန် ၅-၁၀% ကျပါက အသည်းအဆီ ရှင်းလင်းသွားနိုင်သည်။

၃။ အရက်နှင့်ဆေးလိပ် ဖြတ်ပါ
အသည်းဆဲလ်များ မာကြောခြင်းကို ကာကွယ်ပါ။

၄။ ကာကွယ်ဆေး ထိုးပါ
အသည်းရောင် ဘီပိုး ကာကွယ်ဆေးကို မဖြစ်မနေ ထိုးနှံပါ။

၅။ အိပ်ရေး၀၀ အိပ်စက်ပါ
ညဘက်တွင် အသည်းက အဆိပ်အတောက်များကိုဖယ်ရှားချိန်ဖြစ်သည်။

နိဂုံး

အသည်းရောဂါအများစုသည် နောက်ဆုံးအဆင့် အသည်းခြောက်၊ အသည်းကင်ဆာအဆင့် ရောက်မှသာ လက္ခဏာပြလေ့ရှိသည်။ ယခု ၂၀၂၆ ခုနှစ်၏ ဆေးပညာ updates အချက်အလက်များကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရောဂါဖြစ်မှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းနှင့် နေထိုင်မှုပုံစံပြောင်းလဲခြင်းကို ပိုမိုအလေးထားရမည်ဖြစ်သည်။

ကျန်းမာသော အလေ့အကျင့်ကောင်းများကို ယနေ့မှစ၍ နေ့စဉ်ပျိုးထောင်မွေးမြူပြီး "အသည်း"ကို ဂရုစိုက်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊
တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

မင်းလှမြို့၌ မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



အထက်မင်းလှ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းလှမြို့တွင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းဘေး၌ ကျင်းပသည်။

ကပြဖျော်ဖြေ

အဆိုပါ ရိုးရာလှေလှော်ပြိုင်ပွဲ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ယနေ့ကျင်းပသည့် လှေလှော်ပြိုင်ပွဲသည် အားကစားပြိုင်ပွဲ တစ်ခုမျှသာမက ဒေသ၏သဘာဝအရင်းအမြစ်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူမှုအသိုက်အဝန်းအတွင်း စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်သည့် အဓိပ္ပာယ်ပြည့်ဝသော အခမ်းအနား တစ်ရပ်ဖြစ်ကြောင်း၊ လှေလှော် အားကစားသည် ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းမှုကို ဖြစ်စေရုံသာမက စိတ်ဓာတ်ကြံ့ခိုင်မှု၊ ဇွဲလုံ့လ၊ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းညီညွတ်မှုတို့ကိုလည်း တိုးတက်စေသည့် အားကစားနည်းတစ်ရပ်ဖြစ်ကြောင်းနှင့် လှေလှော်ပြိုင်ပွဲတွင် အသင်းအဖွဲ့တစ်ဖွဲ့လုံး၏ စည်းချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အောင်မြင်မှုရရှိရေးအတွက် အဓိကကျကြောင်း ပြောကြားခဲ့ပြီး မင်းလှမြို့ တောင်ရပ်ကွက် ယိမ်းသမလေးများအဖွဲ့က ရှမ်းရိုးမက အိုးစည်သံ သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားမီတာ ၅၀၀ လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မုန်တိုင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဗိုလ်ဗိုလ်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်ခုနစ်သိန်းကို မကွေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိုက လည်းကောင်း၊ တတိယဆုရရှိသည့် ရန်ကြီးအောင်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးစိုင်းမြင့်အေးက လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် အမျိုးသားအသင်းနှစ်သင်း၊ အမျိုးသမီးအသင်းနှစ်သင်းနှင့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ မြို့နယ်အဆင့် အားကစားပြိုင်ပွဲများအတွက် အားကစားသမားရွေးချယ်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကင်းမြို့နယ်၌ မြို့နယ်အဆင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားရွေးချယ်ပွဲများကို ယနေ့တွင် ရန်ကင်းမြို့နယ်ရှိ အထက(၁) ရန်ကင်းအားကစားရုံ၊ အားကစားကွင်းနှင့် အလကလေ့ကျင့်ရေး (TTC) အားကစားကွင်းတို့၌ ကျင်းပသည်။

အဆိုပါ အားကစားသမားရွေးချယ်ပွဲများကို မြို့နယ်ပညာရေးမှူး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ်စသည့် အားကစားနည်း ခုနစ်မျိုးဖြင့် ကျင်းပလျက်ရှိသည်။

ရွေးချယ်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများ၏ အားကစားစွမ်းရည်၊ ကိုယ်ကာယ ကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုများကို စိစစ်အကဲဖြတ်ကာ မြို့နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားသမားများကို ရွေးချယ်လျက်ရှိကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



ကျွဲပွဲမြို့၌ အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



အုတ်တွင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ကျွဲပွဲမြို့မအားကစားကွင်း၌ ပြုလုပ်သည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ကျွဲပွဲမြို့ ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဘောလုံးကန်၍ ဖွင့်လှစ်ပေးပြီး ယနေ့ပွဲစဉ်အား ကျွဲပွဲမြို့မ(က) အသင်းနှင့် ညောင်ခြေထောက်(က) အသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အလွတ်တန်းဖိတ်ခေါ် ပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် အုပ်စုပွဲစဉ် သုံးခုခွဲကာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲအား ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု
ညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ
ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

"ကြည်လင်သော ကောင်းကင်၊
သန့်ရှင်းသော လေ ရရှိဖို့
မီးရှိခြင်းကို ရပ်တန့်စို့"



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ

မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု

- တောမီးလောင်ကျွမ်းခြင်း၊ ရိုးပြတ်နှင့် သီးနှံအကြွင်းအကျန်များကို မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့များနှင့် အန္တရာယ်ရှိသော အခိုးအငွေ့များကို ရှူရှိုက်မိပါက ကာလတိုတွင် အသက်ရှူကြပ်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မျက်စိယားယံခြင်းတို့ကို ဖြစ်စေနိုင်ပြီး ကာလရှည်တွင် ကင်ဆာရောဂါ၊ အဆုတ်ရောဂါနှင့် နှလုံးရောဂါများကို ဖြစ်စေနိုင်ပါသည်။
- ကျန်းမာရေးထိခိုက်မှုကြောင့် လုပ်ငန်းခွင် မဝင်နိုင်ခြင်း၊ ကျောင်း မတက်နိုင်ခြင်း၊ ကျန်းမာရေးကုသစရိတ် ပိုမိုကုန်ကျခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။
- မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေယာဉ်ခရီးစဉ်များနှင့် ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်းများ ရွေ့ဆိုင်းရရှိခဲ့ပြီး လူမှုစီးပွားဘဝကို ထိခိုက်နိုင်ပါသည်။
- လေထုညစ်ညမ်းမှုကြောင့် အပင်များ၏ ရှင်သန်ကြီးထွားမှုနှင့် တိရစ္ဆာန်များ၏ နေရင်းဒေသနှင့် နေထိုင်မှုစနစ်ကို ထိခိုက်စေနိုင်ပါသည်။






မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ




မီးတောင်ပေါက်ကွဲခြင်း　　တောမီးလောင်ကျွမ်းခြင်း




ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်မီးရှို့ခြင်း　　ရိုးပြတ်များ မီးရှို့ခြင်း




သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း　　အမှိုက်မီးရှို့ခြင်း




မော်တော်ယာဉ်များမှ မီးခိုးထွက်ခြင်း　　စက်ရုံများမှ မီးခိုးငွေ့ ထွက်ခြင်း

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု

- မီးခိုးမြူငွေ့များသည် လေတိုက်ခတ်နှုန်းနှင့် လားရာတို့အပေါ်မူတည်၍ နေရာတစ်နေရာမှအခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံများသို့ ရွေ့လျားနိုင်သဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။
- မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ခြောက်သွေ့ရာသီ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ပြီး မတ်လနှင့် ဧပြီလများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိပါသည်။
- အယ်လ်နီညိုနှစ်များတွင် မြေပြင်စိုထိုင်းဆ အလွန်အမင်း နည်းပါးခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခြင်းကြောင့် မီးစတင်လွယ်ခြင်း၊ မီးထိန်းချုပ်ရန် ခက်ခဲခြင်းနှင့် အနီးဝန်းကျင်သို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်ခြင်းတို့ကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု ပိုမိုများပြားလာနိုင်ပါသည်။



မဲခေါင်ဒေသခွဲနိုင်ငံများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု အခြေအနေ (၉-၃-၂၀၂၆)

ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ




စောင့်ကြည့်စစ်ဆေးခြင်း　　မြေပြင်ကွင်းဆင်း စစ်ဆေးခြင်း




ဝန်းကျင်လေထုအရည်အသွေး တိုင်းတာထုတ်ပြန်ခြင်း




အသိပညာပေးခြင်း　　နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ခြင်း




သတင်းစာ၊ ရေဒီယို၊ SMS များမှတစ်ဆင့် ပြည်သူသို့ အသိပေးခြင်း

မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရန် ဒေသခံပြည်သူများမှ လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ရိုးပြတ်များကို မီးမမှိုဘဲ ခုတ်ဖုံးစနစ် ကျင့်သုံးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊
- သီးနှံအကြွင်းအကျန်များအား မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ ကောက်ရိုးမှို ပြုလုပ်ခြင်း၊
- ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား အခြားဝင်ငွေရသော သီးနှံများကို စိုက်ပျိုးခြင်း၊
- သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊
- သစ်တောတွင်း မီးမဆင်မခြင် အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လမ်းသွားရင်း မီးမဆင်မခြင်အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လေဟာပြင်တွင် မီးရှို့မှုကို ရှောင်ကြဉ်ခြင်း၊
- သတင်းစာ၊ ရေဒီယို၊ SMS များမှ ထုတ်လွှင့်/ ပေးပို့သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်နှင့် မိုးလေဝသဆိုင်ရာ သတိပေးချက်များကို စောင့်ကြည့်လိုက်နာခြင်း။



"ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေ ရရှိဖို့
မီးရှိခြင်းကို ရပ်တန့်စို့"

မြန်မာတိုင်းရင်းသားတို့သည် စကားပြောဆိုရာတွင် အဓိပ္ပာယ်ပိုမိုလေးနက်စေရန်နှင့် ဆိုလိုရင်းကို တိတိကျကျ နားလည်စေရန် စကားပုံ ဥပမာများနှင့် တင်စားပြောတတ်ကြသည်။ စကားပုံများတွင်လည်း မြန်မာစကားပုံ၊ တိုင်းရင်းသားစကားပုံ စသည်ဖြင့် အမြောက်အမြားရှိရာတွင် စာဖတ်သူများ သိရှိစိမ့်သောငှာ ဆရာကြီးလှသမိန်၏ မြန်မာစကားပုံအဓိပ္ပာယ်နှင့် သုံးနည်းစာအုပ်မှ ကောင်းနိုးရာရာများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။ (စာတည်း)

မြန်မာစကားပုံအဓိပ္ပာယ်များ

ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ၊ ကံယုံ၍ ဆူးပုံမနင်းနှင့်၊ ကိုယ်ကကျူး ကိုယ့်ဒူးမှမယုံရ

လှသမိန်

ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ

ကုသိုလ်လို၍ပြုလုပ်သော်လည်း အကုသိုလ်က အဆပေါင်းများစွာ ပို၍ရရှိနိုင်သည်ဟု ဆိုလိုသည်။ ကုသိုလ်လို၍ ဆွမ်းကျွေးရာ၌ ကြက်ဝက်တို့ကို သတ်ဖြတ်ပေးရန် ကြိုတင်မှာကြားခြင်း၊ မလောက်ငမည်ကို စိုးရွံ့ပိတ်ပင်ဝန်တိုခြင်း၊ ကုန်ကျစရိတ် အတွက် သမ္မာအာဇီဝမဖြစ်သောနည်းဖြင့် စီးပွားရှာခြင်း စသည်အားဖြင့် မကောင်းမှုများကို အဆများစွာ ပိုမိုကျူးလွန်မိတတ်သဖြင့် ကုသိုလ်နည်းပြီး ငရဲက အဆများသည်ကို ပုံဒိုင်း၍ဆိုသည်။

တစ်ပိသာလျှင် ကျပ်တစ်ရာရှိသဖြင့် ဆယ်လီမူးနှင့် ပဲနှစ်ထောင်၊ ကျပ်သုံးပဲနှင့် တစ်ထောင့်ခြောက်ရာ၊ တစ်ဆနှင့် တစ်ထောင့်ခြောက်ရာမှ နှစ်ထောင်အထိ အချိုးအဆ ကွာခြားပုံကိုတင်စား၍ ဆိုသည်။

အကျိုးနည်း၍ အပြစ်များခြင်း၊ အမြတ်နည်း၍ အခွံများခြင်းစသည်တို့ဖြင့်လည်း တင်စား၍သုံးနိုင်သည်။

(နီးစပ်သောစကားပုံများ)

ဖွတ်မရ၊ ဓားမဆုံးသည်၊ အသားကတစ်ချိုး၊ အရိုးကခွက်တစ်ဆယ်။

ကံယုံ၍ ဆူးပုံမနင်းနှင့်

ဖြစ်လာမည့်အကျိုးအပြစ်ကို ရောင်လွှဲ၍မရ၊ အကြောင်းပြုသလို အကျိုးဖြစ်ပေါ်ရမည်။ အကြောင်းကြောင့်ဖြစ်သော အပြစ်ကို မည်သည့်နည်းနှင့်မျှ ရောင်လွှဲ၍မရဟူ၍ ဆိုလိုသည်။

မိမိကိုယ်အား ကံအလွန်ကောင်းလှသည်ဟု ယုံကြည်ရင်းရှိစေကာမူ ဆူးပုံကိုနင်းလျှင် ခွေးမည်သာဖြစ်သည်။ ကံကောင်း၍ ဆူးကိုနင်းသော်လည်း မစူးဟူ၍မရှိ၊ ဆူးမည်သည်မှာ မိမိလောက်မာကျောသိပ်သည်းမှုမရှိသောအရာကို ဖိနှိပ်သောအားနှင့် အချိုးအစားညီမျှစွာ စူးဝင်ထိုးဖောက်မည်မှာ နိယာမတရားသာလျှင်ဖြစ်သည်။ ထို့ကြောင့် အကြောင်းနှင့်အကျိုး၊ အပြုနှင့်အဖြစ် ဆက်သွယ်သောဟေတုပစ္စည်း၊ ကြောင်းကျိုးဆက်စပ်မှု နိယာမတရားကို မည်သည့်နည်းနှင့်မျှ ရှောင်လွှဲ၍မရ။ ကံကိုယုံကိုးနေ၍ နိယာမသဘောမှ လွတ်ကင်းနိုင်ခြင်းမရှိ၊ ဝိရိယအစွမ်းဖြင့်၊ ဥဏှာအစွမ်းဖြင့် ဆူးကို ရှောင်၍ နင်းလျှင်သော်လည်းကောင်း၊ မစူးမဖောက်နိုင်သော အကာအကွယ်ပစ္စည်းဝတ်ဆင်၍ နင်းလျှင်သော်လည်းကောင်း စူးခြင်းမှ ကင်းလွတ်ပေလိမ့်မည်။

ကံကိုချည်းယိုးမယ်ဖွဲ့ ယုံကြည်စွဲလမ်းလွန်းကာ ဖြစ်လာမည့်ကိစ္စကို မဖြစ်တန်ရာဟူ၍ အထင်သေးပေါ့ဆစွာ သဘောမထားရာ။ အကျိုးအပြစ်သည် ပြုလုပ်သောအကြောင်းအားလျော်စွာ ဖြစ်ပျက်မည်ဟူ၍ ကံယုံတတ်သူများအား သတိပေးပုံဒိုင်းသောစကားဖြစ်သည်။

(နီးစပ်သောစကားပုံများ)

ကံမရှိ ဥဏှာရှိတိုင်းမွဲ။

ကိုယ်ကကျူး ကိုယ့်ဒူးမှမယုံရ

မိမိကိုယ်တိုင်ကလွဲလျှင် အခြားသူကိုမပြောထားဘိ။ မိမိ၏ဒူးကိုသော်မျှပင်လျှင် ယုံကြည်စိတ်ချ၍ မရနိုင်ဟုဆိုသည်။

သူတစ်ပါးကို ယုံကြည်စိတ်ချမိမှား၍ နစ်နာဆုံးရှုံးမှုများဖြစ်လေ့ဖြစ်ထရှိပေသည်။ ထို့ကြောင့် လောကၽွန် စိတ်သီးခြား၊ ကိုယ်သီးခြားရှိနေသော အခြားသူများကို ယုံကြည်စိတ်ချဖို့ရန်မှာ များစွာခဲယဉ်းလှသည်ဟု ပညာရှိတို့က သတိပေးလေသည်။ လောကၽွန် ယုံကြည်စိတ်ချရမည့် တစ်ပါးသူမရှိကြောင်းကို မဟော်သဓာဇာတ်တော်၌လည်း လျှို့ဝှက်ချက်ကို မည်သူ့အားမျှ မပြောကြားသင့်ကြောင်း အဆိုအရေးသာပုံကို ဝတ္ထုသက်သေဖြင့် တင်ပြထားသည်။ ထို့ကြောင့် တခြားသူတစ်ပါးကို မဆိုထားနှင့်။ မိမိကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သော ဒူးကိုမျှပင် စိတ်ချယုံကြည်နိုင်ဖွယ်မရှိဟုဆိုသည်။

လူသည် မသွားတော့ဟု ဆုံးဖြတ်ထားသည့် နေရာသို့ အမှတ်မထင် သွားမိတတ်သည်။ ထိုသို့ဖြစ်ခြင်းမှာ ဒူးကိုစိတ်မချရခြင်းပင်ဖြစ်သည်။ ဒူးမနာနိုင်ဟုမှတ်ယူနေသော်လည်း ဒူးလာရောဂါကြောင့် အမှတ်မထင်သောအခါ၌ နာကျင်ကိုက်ခဲ၍ လာတတ်၏။ သွေးသား ၃၂ ကောဋ္ဌာသနှင့် ဓာတ်လေးပါး၏ ဖောက်ပြန်ပြောင်းလဲမှုကို လူသည် ပြုပြင်ဖန်တီး၍ အလုံးစုံရမြဲမဟုတ်ပေရာ ဒူးသည် အကြောင်းအဘက်ဘက်၌ စိတ်မချရသော မိမိကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိမိဒူးကိုမျှ မိမိမပိုင်နိုင်အစိုးမရလျှင် သူတစ်ပါးကို မိမိဆန္ဒအတိုင်းဖြစ်စေမည်ဟု ယုံကြည်စိတ်ချဖို့ရန် မဖြစ်နိုင်ကြောင်း ထင်ရှားစေသည်။

(နီးစပ်သောစကားပုံများ)

လူရိုး သခ္ခိုင်းမှာသာရှိသည်။
ကျွန်ယုံတစ်ဖက်ကန်း သားသမီးယုံစုံလုံးကန်း။

ကြေးမုံ စာအုပ်စင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ချစ်သော မိုင်းမောဝ်ကေရီနှင့် စောမင်းလတ်



သီပေါကိုလတ် ရေးသားသည့် ချစ်သော မိုင်းမောဝ်ကေရီနှင့် စောမင်းလတ် စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မိုင်းမောဝ်(မိုင်းမဝ်း)၊ အနော်ရထာဘုရင်နှင့် စောမွန်လှတို့၏ ရှေးရေစက်၊ သမိုင်းဝင်ရွှေစာရံစောတီတော်၊ ရွှေစာရံကျောက်စာ၊ ဘော်ကြိုမုဋ္ဌောစောတီတော်၊ အစ်မတော်စောမွန်လှစောတီ၊ လေးစားမြတ်နိုးဖွယ် ရှမ်းအိုးစည်သံများ၊ ရန်ကုန်ကျောင်းတိုက်နှင့် နတ်ကျွဲတောရ၊ မျှဝေလိုသောပိတိရသများ စသည်တို့ကို ဓာတ်ပုံအထောက်အထားများဖြင့် ဖော်ပြထားသည်။

ရှမ်းပြည်နယ်သား စာရေးဆရာသီပေါကိုလတ်သည် ရှမ်းပြည်နယ်ကိုအခြေခံ၍ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုလေ့ထုံးစံများကို ရေးသားပြုစုသူတစ်ဦးဖြစ်သည်။ ထို့အပြင် ရှမ်းပြည်နယ်တစ်ဝန်းမှ ထင်ရှားကျော်ကြားသော သမိုင်းဝင်ဘုရားစေတီတော်များ၏ သမိုင်းစဉ်များနှင့် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိတို့ကိုလည်း ပူဇော်ရေးသားသူဖြစ်သည်။

စာအုပ်ကို ရှင်မောတော်စာပေ၊ ဝဒ္ဓဂုဇာဓဂုဇာဝင္ပ၊ ဝဒ္ဓဂုဖဝင္ပဖဓာသုဓ (viber)၊ အမှတ် ၂၁၉၊ လမ်း ၄၀ (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုး ငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်(ဖြူ/နီ) ၅၅၈ ဧကထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၃ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကြက်သွန်နီ ၈၈ ၅၂၀ နှင့် ကြက်သွန်ဖြူ ၃၈ ဧက စုစုပေါင်းကြက်သွန်(ဖြူ/နီ) ၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ ၁၁၃ ဧကနဲ့ ကြက်သွန်ဖြူ ၃၈ ဧကတို့ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ကြက်သွန် (ဖြူ/နီ) စိုက်ပျိုးတဲ့ တောင်သူတွေကို အထွက်နှုန်း တိုးတက်စေဖို့၊ အရည်အသွေး ကောင်းမွန်စေဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သီးနှံများထွက်ရှိစေဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာပေးတာတွေကို မြေပြင်ကွင်းဆင်းပြီး ကြီးကြပ် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီစျေးကွက်ပြန်လည်ကောင်းလာတဲ့အတွက် ယခုနှစ်မှာ တောင်သူတွေက ပိုမိုစိုက်ပျိုးလာကြပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ တိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**





တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံ-ညောင်ဦး ရေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရားများတွင် ဆီမီးပူဇော်

ညောင်ဦး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရေးဟောင်းစေတီပုထိုးများအား တန်ဆောင်မုန်းလပြည့် ည ၇ နာရီမှ စတင်ကာ ရွှေစည်းခုံဘုရားကြီးနှင့် သမိုင်းအထင်ကရ ဘုရားများတွင် ဆီမီးပူဇော်ခဲ့ကြသည်။

ထိုသို့ ပုဂံ-ညောင်ဦးရေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရေးဟောင်းစေတီ ပုထိုးများအား ဆီမီးပူဇော်ခဲ့ကြပြီး ဘုရားနီ၊ အင်ကြင်းဂူ၊ အလိုတော်ပြည့်၊ စိုးမင်းကြီး အုတ်ကျောင်း ပတ်ဝန်းကျင်ဘုရားများ၊ အပ္ပာယ ရတနာပတ်ဝန်းကျင်ရှိ ဘုရားများ၊ ရွှေဆံတော် ပတ်ဝန်းကျင်ရှိဘုရားများ၊ အနော်ရထာလမ်းမကြီး ဘေးဘက်ဝဲ/ယာ ဘုရားများကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများက ဆီမီးများ ပူဇော်ခဲ့ကြခြင်းဖြစ်သည်။

ပုဂံရေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဂေါပကအဖွဲ့ရှိသော ဘုရား ၁၉ ဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညူ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ ရွှေဆံတော်၊ ဓမ္မရာဇာ၊ မနုဟာ၊ မြစေတီ၊ တုရင်တောင်၊ ငှက်ပစ်တောင်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ပြဿဒဲကြီးဘုရားများတွင်လည်း ဆီမီးပူဇော်ကြကြောင်း သိရသည်။

ဒီပါလင်း

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန် နောင်တရားမြို့ မီးကြာဆံ လှည့်လည်ပူဇော်ပွဲနှင့် တန်ဆောင်တိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နောင်တရား နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် မီးကြာဆံလှည့်လည်ပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ယမန်နေ့ ည ၈ နာရီက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်တက်ရောက်ဖွင့်လှစ်သည်။



ဦးစွာ တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာစကားပြောကြားရာ ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှု အစည်အလာကောင်းများဖြစ်သည့် စုပေါင်းမဟာဘုံကထိန်ပွဲ၊ မီးကြာဆံ လှည့်လည်ပူဇော်ပွဲကို မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက် သွားကြရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အသီးသီးမှ မီးကြာဆံအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက မီးပုံးငယ်များ လွှတ်တင်ပူဇော်ခဲ့ကြောင်း သိရသည်။

နောင်တရား(ပြန်/ဆက်)

■



သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၅ ရက်က ကြာကန်မမြိမာန်ကြီးခဲ့ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ သန်းဝင်း(သန်လျင်)

သံဖြူဇရပ်၌ (၇၄)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပ

သံဖြူဇရပ် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် တွင် (၇၄) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၂၅ ရက်) နံနက် ၇ နာရီမှစတင်၍ လောင်းလှူခဲ့ကြသည်။



ထိုသို့ လောင်းလှူရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသီလာဘရ အမှူးရှိသည့် ဆရာတော်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်ဥပထမ္ဘကအဖွဲ့တို့က ဦးဆောင်၍ ဘုန်းကြီးကျောင်း ၁၄၃ ကျောင်းမှ ရဟန်း၊ သာမဏေ ၁၆၇၁ ပါးနှင့် သီလရှင်ကျောင်း ၂၉ ကျောင်းမှ သီလရှင် ၄၃၁ ပါးတို့အား စူကပရိယတ္တိ စာသင်တိုက် ရှေ့မှစတင်၍ ကြာကန်အုပ်ချုပ်ရေးမှူးရုံးဘေး ပဒုံမာလမ်းသို့ ဝင်၍ မြသိမ်ကျောင်းဘေးမှ ပြန်ထွက်ကာ အောင်ဆန်းလမ်းမအတိုင်း အလှူခံကြွရောက်ပြီး မြို့လယ်ဇရပ်တွင် ကန်တော့ပွဲ၊ ပဒေသာပင်များနှင့် ဆွမ်းပွဲများကို မြို့နယ်အတွင်းရှိ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လွိုင်လင်မြို့ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ကွင်းဆင်းဆေးကုသပေး



လွိုင်လင် နိုဝင်ဘာ ၂၅

(၂၅)ကြိမ်မြောက် မြန်မာ တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှိုးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ အကြို ကွင်းဆင်းဆေးကုသပေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်လင်မြို့ သမိုင်းဝင်မွေတော် ဗီပြဘုရားကြီး ဓမ္မာရုံ၌ တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြရာ လွိုင်လင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လူနာများအား နွေးထွေးစွာ အားပေးစကား ပြောကြားသည်။ ထို့အတူ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များက တိုင်းရင်းဆေးဝါးများ ကူညီပေးခဲ့ကြောင်း သိရသည်။ **လွိုင်လင်မိုး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အားလုံးအတွက်ကျန်းမာရေး သန့်(၅)သန့်နှင့်အညီ နေထိုင်ပေး



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။

(၁) လက်သန့်

လက်တွင် ကပ်ပါးလာနိုင်သည့် ဓာတ်အညစ်အကြေးအနည်းငယ် (၁ ဂရမ်)တွင် လူတို့ကို ရောဂါဖြစ်၍ သေစေနိုင်သော-

- ဝိုင်းရပ်စ်ရောဂါပိုး – ၁၀ သန်း
- ဘက်တီးရီးယားရောဂါပိုးပေါင်း – ၁ သန်း
- ကပ်ပါးရောဂါပိုးပေါင်း – ၁ ထောင်ပါဝင်သည်။

(ဥပမာ-သန်ကောင်၊ သန့်ဥ)



သန့်ရှင်းသောလက် ဆေးတစ်ခွက်

- အစာမစားမီနှင့် အစာစားပြီးတိုင်း။
- အစားအစာ မချက်ပြုတ်/မပြင်ဆင်မီ၊
- အသား/ငါး/ဥအမျိုးမျိုးကို ကိုင်တွယ်ပြီးတိုင်း။
- ကြက်၊ ဂွက်၊ တိရစ္ဆာန်များကို ကိုင်ပြီးတိုင်း။
- အိမ်သာတက်ပြီးတိုင်း။
- ကလေးအညစ်အကြေးများ ကိုင်တွယ်ပြီးတိုင်း။
- အမှိုက်၊ အညစ်အကြေးများ ကိုင်ပြီးတိုင်း။
- မျက်နှာ၊ မျက်စိ၊ နှာခေါင်းများကို မကိုင်တွယ်မီ အချိန်တိုင်း

လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ သန့်ရှင်းစင်ကြယ်အောင် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် ဆေးကြောပါ။

(၂) အစာသန့်

အစားအစာသန့်ရှင်းရေးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အဓိကအရေးကြီးပါသည်။

- အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
- အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။
- အသား။ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သီးခြားခွဲ၍ သန့်ရှင်းသောရေဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ၊
- အသား။ ငါးများကို ကျက်အောင်ချက်ပြုတ်ပါ၊
- အသုံးပြုပြီးသော စဉ်းတီတုံးနှင့် ဓါးကို သေချာစွာဆေးကြောပါ၊
- ဆိုး။ ခွက်၊ ပန်းကန်များကို စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ။





သန့်ရှင်းသော အစားအစာ၊ ရောဂါကင်းသော မိသားစု

(၃) ရေသန့်

သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက်-

- ရေကို ကျိုချက်သောက်ပါ၊
- FDA မှ ထောက်ခံချက်ရထားသော ရေသန့်ကို သောက်သုံးပါ၊
- ကလိုရင်းဆေးခတ်ပါ၊
- ရေသန့်စင်ဆေးပြား အသုံးပြုပါ၊
- Life straw ရေသန့်စင်စက်ကို အသုံးပြုပါ။

မသန့်ရှင်းသောရေကို သောက်သုံးမိပါက ရောဂါဝိုးများ ကူးစက်ခံရနိုင်ပါသည်။



ရေကိုဆူပွက်အောင်ကြိုချက်ခြင်း



ရေသန့်စင်ဆေးပြား



ရေသန့်စင်စက် (Life Straw)

(၄) အိမ်သာသန့်

ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာဖြစ်စေရန်-

- ယင်လုံရမည်၊
- အနံ့လုံရမည်၊
- အရှက်လုံရမည်၊
- ရေလုံလောက်ရမည်၊
- သန့်ရှင်းရမည်၊
- မစင်မှရောဂါမပြန့်ပွားစေရန် တားဆီးနိုင်ရမည်၊
- လက်ဆေးရန် ရေနှင့်ဆပ်ပြာ အနီးတွင်ရှိရမည်၊
- ရေထွက်ပင်ရင်းနှင့်အိမ်သာသည် အနည်းဆုံး ပေ ၅၀ အကွာ တွင်ရှိရမည်၊
- ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်အူရောင်ငန်းဖျားရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်ညီညွတ်သောယင်လုံအိမ်သာ သုံးစွဲရပါမည်။



ယင်လုံအိမ်သာသုံးစွဲရန် မိသားစုတိုင်းတွင် တာဝန်ရှိသည်။

(၅) ပတ်ဝန်းကျင်သန့်

ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန်-

- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျ စွန့်ပစ်ပါ၊
- ကြွက်၊ ခြင်၊ ယင် မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေး ကို အလေးထားဆောင်ရွက်ပါ၊
- ရေမြောင်းများအား ရေစီး/ရေလာကောင်းအောင် ဆောင်ရွက်ပါ၊
- စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ပါ၊
- မြေပြင်နှင့်ရေပေါ်တွင် မစင်စွန့်ခြင်းကို ရှောင်ကြဉ်ပါ၊
- အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့၊ မီးခိုးငွေ့များ စည်းကမ်းမဲ့ စွန့်ထုတ်ခြင်းကို ရှောင်ကြဉ်ပါ။



ပတ်ဝန်းကျင်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ

အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် လျှော့ချရေးအတွက် လိုက်နာရမည့် အချက်များ



အယ်နီညို၏ သက်ရောက်မှုများ
အပူချိန်မြင်းမားခြင်း၊ ခြောက်သွေ့ချိန်
ကြာမြင့်ခြင်း၊ မီးစတင်လောင်ကျွမ်းရန်
သွယ်ကူ၍ ကူးစက်ပြန့်ပွားမှု လျင်မြန်ခြင်း။

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်းနှင့် သက်ရောက်မှုများ

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်း



တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့်
စိုက်ပျိုးရေးအကြွင်းအကျန်များ မီးရှို့ခြင်း။

ကျန်းမာရေးနှင့် စီးပွားရေး ထိခိုက်မှု



အသက်ရှူကြပ်ခြင်း၊ အဆုတ်ရောဂါ ဖြစ်ပွားနိုင်ခြင်း
တို့ကြောင့် ကျန်းမာရေးကုန်ကျစရိတ်များ မြင့်မားနိုင်ခြင်း။

စိုက်ပျိုးရေးနှင့် လိုက်နာရမည့် တားမြစ်ချက်များ

စိုက်ပျိုးရေး နည်းလမ်းကောင်းများ



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာ
နှင့် ကောက်ရိုးမှိုပြုလုပ်ရာတွင် ပြန်လည်အသုံးပြုခြင်း။

မီးရှို့မှုများ တားမြစ်ခြင်း



သစ်တောများ မီးရှို့ခြင်း၊ လေဟာပြင် အမှိုက်မီးရှို့ခြင်းနှင့်
ဆေးလိပ်မီး မဆင်မခြင် စွန့်ပစ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

သတိပေးချက်များ စောင့်ကြည့်ရေးနှင့် ကျန်းမာရေး လမ်းညွှန်ချက်

သတိပေးချက်များ စောင့်ကြည့်ခြင်း



သတင်းစာ၊ ရေဒီယိုနှင့် ဖုန်း SMS တို့မှ ထုတ်ပြန်သော မီးခိုးမြူငွေ့နှင့်
ဝန်းကျင်လေထုအခြေအနေ သတိပေးချက်များကို လိုက်နာခြင်း။

ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်း



လေထုညစ်ညမ်းမှု မြင့်မားချိန်တွင် အပြင်ထွက်ပါက Mask
တပ်ဆင်ခြင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကဲ့သို့
ထိခိုက်လွယ်သောသူများကို အထူးဂရုစိုက်ခြင်း။





နတ်တလင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

နတ်တလင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာတက်ကြွသောလူကြီးဘဝရရှိစေရေး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိရာ နတ်တလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ဖြ၂ဦးအား အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကြိုတင်ရှာဖွေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာပေးခြင်း၊ ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းတို့ ပြုလုပ်ပေးပြီး လိုအပ်သည့် ဆေးဝါးနှင့် ကုသမှုများကို(အခမဲ့) စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ အပူဒဏ်ကာကွယ်နိုင်ရေး ဟောပြော

ချောင်းဆုံ နိဝင်ဘာ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား လူငယ်များ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားပိုင်းကို ယနေ့နံနက်ပိုင်းက မုရစ်ကလေး(အထက)ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိက သောက်သုံးရေ စနစ်တကျအသုံးပြုရေး၊ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် မြို့နယ်အားကစားမှူးက အပူဒဏ်ကြိုတင်ကာကွယ်ရေး စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောခဲ့ကြပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ဆက်လက်၍ လူငယ်စကားပိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အားကစားမှူးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ မုရစ်ကလေး(အထက)မှ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူငယ်နှင့်ပညာရေး၊ အားကစား၊ ကျန်းမာရေး စသည်ဖြင့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)



လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

✪ M-League II မှ

